ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၆ ရက်၊ သောကြာနေ့၊(30-6-2006) (၅၀၀၄)

ယနေ့မိုးလေဝသ (၃၀-၆-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မေတ္တာတန်ဖိုးနှင့် မေတ္တာတန်ခိုးများ (အမှတ်စဉ်-၂)

မေတ္တာသည် ရန်ကင်းငြိမ်း

အကြင်သူသည်၊ သတ္တဝါ အားလုံးတို့၏
မေတ္တာစိတ် အဖို့အစု ရှိသည်ဖြစ်၍
တစ်ခုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း
မညှဥ်းဆဲ၊ သူတစ်ပါးကိုလည်း
မသတ်ဖြတ်ခေ၊
မိမိကိုယ်တိုင်လည်း အနိုင်မယူ၊
သူတစ်ပါးတို့ကိုလည်း
အနိုင်မကျင့်ခေ၊
ထိုမေတ္တာပွားသူအား တစ်ခုံတစ်ယောက်မျှ
အတွင်းရန် အပြင်ရန် ဟူ၍ မရှိနိုင်။

အင်္ဂုတ္တိုရ်အဋ္ဌမဝဂ်မေတ္တာသုတ်

(သာသနာရေး)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း (၂၃)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဇွန် ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် တပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ တပ်မတော်အရာရှိကြီးများနှင့်အတူ ယနေ့ညနေ ၄နာရီတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေး တက်ရောက်ရာမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာကိုယ်စားလှယ် အဖွဲ့ဝင်များအား ကြိုဆိုနှုတ်ဆက်သည်။

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် သက်နိုင်ဝင်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီး သူရရွှေမန်း ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပသည့် (၂၃)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေး တက်ရောက်ရာမှ ပြန်လည်ရောက်ရှိလာသည့် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror အင်တာနက် မိုးလေဝသသတင်း

အိန္ဒိယသမုဒ္ဒရာတစ်ခုလုံးအတွက် ဆူနာမီသတိပေးစနစ်တပ်ဆင်ပြီးစီး

ဂျကာတာ ဇွန် ၂၉

အိန္ဒိယသမုဒ္ဒရာတစ်ခုလုံးအတွက် ဆူနာမီရေလှိုင်းသတိပေးစနစ်ကို အစီအစဉ်အတိုင်း တပ်ဆင်ပြီး ဖြစ်ကြောင်း အင်ဒိုနီးရှားသိပ္ပံပညာရှင်တစ်ဦးက ဇွန် ၂၉ ရက်တွင် ပြောကြားသည်။

အိန္ဒိယသမုဒ္ဒရာတစ်ခုလုံးတွင် ဆူနာမီရေလှိုင်း သတိပေးစနစ်တပ်ဆင်ရေးအစီအစဉ်ကို ကြီးကြပ်ပေးသည့် အဖွဲ့အစည်းမှာ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့(ယူနက်စကို) ဖြစ်သည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✻

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၃၀–၆–၂၀၀၆
(သောကြာနေ့)

အာဟာရမျှတစွာ စားသုံးကြရေး အသိပညာပေး

လူ့အဖွဲ့အစည်းတစ်ခုအတွင်း အာဟာရချို့တဲ့မှု၊ အာဟာရလွန်ကဲမှုများ ဖြစ်ပွားခြင်းသည် စီးပွားရေး၊ လူမှုရေးအခြေအနေများအပေါ် အရင်းခံလျက်ရှိသည်။ ကလေးများ၏ အာဟာရအခြေအနေသည် မိခင်များ၏ ကျန်းမာရေးအသိပညာနှင့် အာဟာရ ဗဟုသုတကြွယ်ဝမှု၊ ကလေးများအား အစားအသောက်ကျွေးမွေးပုံ ဓလေ့နှင့် အမူအကျင့်များ၊ ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ရောဂါဘယဖြစ်ပွားမှုစသည့် နောက်ခံအကြောင်းရင်းများဖြင့် ဆက်စပ်တည်မှီနေသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရောဂါအမျိုးမျိုးကြောင့် သေဆုံးရသူ ငါးနှစ်အောက်ကလေးသူငယ်များအနက် ၅၀ ရာခိုင်နှုန်းသည် အာဟာရချို့တဲ့မှုနှင့် ဒွန်တွဲနေကြောင်း သိရသည်။ ထို့အပြင် နိုင်ငံ ၁၀၀ ကျော်၌ မှီတင်းနေထိုင်ကြသူ လူအများစုသည် ပတ်ဝန်းကျင် ရေမြေအခြေအနေအရ အိုင်အိုဒင်းအာဟာရချို့တဲ့လာမှုများနှင့် ရင်ဆိုင်နေကြရသည်။

ဗီတာမင်အေချို့တဲ့မှုသည် ကလေးသူငယ်များအား မျက်စိကွယ်သည်အထိ အန္တရာယ်ပေးနိုင်ရုံမျှမက ကူးစက်ရောဂါ အမျိုးမျိုးကို ခုခံနိုင်သည့် ကိုယ်ခံစွမ်းအားလည်း ကျဆင်းစေနိုင်သည်။

မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် ကလေးသူငယ်များအတွက် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးဆေးတိုက်လုပ်ငန်းများ၊ ရောဂါနှိမ်နင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျောင်းကျန်းမာရေး၊ မိခင်နှင့်ကလေးကျန်းမာရေးနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများဖြင့် ပေါင်းစပ်ယှဉ်တွဲ လုပ်ကိုင်လျက်ရှိသည်။

အထူးသဖြင့် သွေးအားနည်းရောဂါကာကွယ်ရေးအတွက် နိုင်ငံတစ်ဝန်းရှိ ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြား တိုက်ကျွေးခြင်းများ အစဉ်တစိုက်ဆောင်ရွက်ပေးလျက်ရှိသည်။ ခြောက်လမှ ငါးနှစ်အရွယ် ကလေးငယ်များအား ဗီတာမင်အေဆေးလုံး တိုက်ကျွေးခြင်းကို ၁၉၉၃ ခုနှစ်မှစတင်ခဲ့ရာ တစ်နိုင်ငံလုံးသို့ လွှမ်းခြုံနိုင်ခဲ့သည်။ အမျိုးသား ကာကွယ်ဆေးတိုက်နေ့များတွင်လည်း ပိုလီယိုကာကွယ်ဆေးနှင့် တွဲ၍ တိုက်ကျွေးလာခဲ့မှုကြောင့် မြန်မာနိုင်ငံသည် ဗီတာမင်အေတိုက်ကျွေးခြင်း လွှမ်းခြုံမှုအမြင့်မားဆုံးနိုင်ငံဖြစ်လာသည်။

ယနေ့ကာလတွင် ပြည်သူများအား အာဟာရပညာဖြန့်ဖြူးပေးခြင်း၊ အိုင်အိုဒင်းဆား အရည်အသွေးစစ်ဆေးထိန်းသိမ်းခြင်း၊ ကလေးများအား ဗီတာမင်အေဆေးလုံးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သံဓာတ်ဆေးပြားများ ဖြန့်ဝေပေးခြင်းနှင့် အာဟာရမျှတစွာ စားသုံးကြရေး အသိပညာပေးခြင်းလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်သူတိုင်း အသက်ရှည်ကျန်းမာကြံ့ခိုင်ခြင်းနှင့် ပြည့်စုံကြမည်ဖြစ်ပါသည်။ ။

နှစ်ဖက်သော မိဘဘိုးဘွားများအား အမှူးထား၍ ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် လှိုင်သာယာ စက်မှုဇုန် အကွက်(၂) မဂ္ဂရာမင်းသားကြီး မောင်မျိုးလမ်းနေ ဦးမောင်ဝင်း–ဒေါ်မြသီတာ၊ သား–သီဟအောင်၊ သမီး–ဆုရတနာမောင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ကျပ် ၁၅ သိန်းတန်ဖိုးရှိ အောက်စီဂျင်စက်တစ်စုံ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က–ပ)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပဲခူးမြို့ သီရိဥသာခန်းမတွင် ပြည်ထဲရေးဝန်ကြီး ဌာနအောက်ရှိ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာ အုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအား အမှာစကား ပြောကြားစဉ်။ (ပြည်ထဲရေး)

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ပဲခူးမြို့၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအား တွေ့ဆုံ

ရန်ကုန် ဇွန် ၂၉

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၇ ရက်တွင် ပဲခူးမြို့သို့ ရောက်ရှိပြီး ပဲခူးမြို့ သီရိဥသာခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများအား တွေ့ဆုံသည်။

ထို့နောက် ဝန်ကြီးက ဝန်ထမ်းများ လုပ်ငန်း ဆောင်ရွက်ရာတွင် လုပ်ထုံးလုပ်နည်းများကို သိရှိနားလည်ထားပြီး တရား ဥပဒေနှင့်အညီ လုပ်ဆောင်သွားရန်၊ ဝန်ထမ်းများ ခြိုးခြံချွေတာစုဆောင်းရေး၊ လျှပ်စစ်ဓာတ်အား ချွေတာသုံးစွဲရေး၊ စက်သုံးဆီချွေတာသုံးစွဲရေးနှင့် ခြစ်ညစ်းရိုး ကြက်ဆူပင်သည် နိုင်ငံတော်၏ စီမံကိန်းဖြစ်၍ စိုက်ပျိုးသွားရန် တို့ကိုမှာကြားသည်။ ထို့နောက်ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေတို့ကို အကျယ်တဝင့် ရှင်းလင်းမှာကြားသည်။

(သတင်းစဉ်)

ရခိုင်ပြည်နယ် ငွမြို့နယ် လေဘေးအတွက်ကူညီလှူဒါန်း

ရန်ကုန် ဇွန် ၂၉

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓညဝတီ သာသနာပြုကျောင်းတိုက်၌ စခန်းဖွင့်လှစ်ဆောင်ရွက်ခဲ့သော ရခိုင်ပြည်နယ် ငွမြို့နယ်လေဘေးကူညီရေး ကော်မတီ(ရန်ကုန်)သို့ မေ ၁၅ ရက်မှ ၃၁ ရက်အထိ စေတနာရှင်အလှူရှင်များ လှူဒါန်းသော အလှူငွေကျပ် သိန်း ၅၀ ခန့်ဖြင့် ဝယ်ယူခဲ့သော စောင်၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါအစရှိသော အသုံးအဆောင် ပစ္စည်းများနှင့် အလှူရှင်များ လှူဒါန်းထားသော ဆေးဝါးပစ္စည်းများ၊ အဝတ်အထည်မျိုးစုံ အထည် ၃၅၀၀ခန့်ကို ကော်မတီဥက္ကဋ္ဌ ဦးကျော်ရင် (သံတွဲခရိုင်အသင်း) ဦးဆောင်၍ လေဘေးသင့်ဒဏ်ခံရသည့် ငွမြို့နယ်သို့ ဇွန် ပထမပတ်က ပထမအကြိမ်အဖြစ် သွားရောက်လှူဒါန်းပြီး ဖြစ်သည်။

ငွမြို့နယ် လေဘေးကူညီရေး ကော်မတီ(ရန်ကုန်) စခန်းသို့ ဇွန် ၁ ရက်မှ ၁၅ ရက်ထိ စေတနာရှင် လှူဒါန်းသူများမှာ ရခိုင်လူမှုရေးအသင်း (ဂျပန်) က ငွေကျပ်သိန်း ၂၀ ၊ ဘုရင့်နောင် ဈေးကြီး ဈေးသာယာရေးကော်မတီက ငွေကျပ်ခြောက်သိန်း ရက္ခိတလူမှုရေးနှင့် ယဉ်ကျေးမှုရန်ပုံငွေအဖွဲ့ (မလေးရှား)က ငွေကျပ် ၄၅၅၂၄၀၊ မလေးရှားရောက် ရခိုင်လူငယ်များက ငွေကျပ် ၃၆၁၂၀၀၊ ရခိုင်အမျိုးသားပညာရေး ရန်ပုံငွေအဖွဲ့ (မလေးရှား)က ငွေကျပ် ၃၈၃၅၆၀၊ရခိုင်သဟာယအသင်းက ဒုတိယအကြိမ် ငွေကျပ် ၄၁၅၀၀၀၊ Myanmar Teleport Family က ငွေကျပ် ၄၁၀၀၀၀၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း (ဗဟို) က ငွေကျပ် နှစ်သိန်းနှင့် ဆေးဝါးပစ္စည်းများ၊ ကျောက်ဖြူအသင်းက ဒုတိယ အကြိမ်မြောက် ငွေကျပ် နှစ်သိန်း၊ မလေးရှားရောက် ရခိုင်လူငယ်များက ငွေကျပ်နှစ်သိန်း၊ကျောက်မြောင်းလူငယ်အဖွဲ့က ငွေကျပ် ၂၀၅၀၀၀၊ Uni Colour မိသားစုက ငွေကျပ် ၂၂၀၀၀၀ တန်ဖိုးရှိ ကျောင်းသုံး ဗလာစာအုပ်ဒါဇင် ၂၀၀၊ (ဦးလှမောင်သိန်း)–ဒေါ်ငွေတင်တို့က ငွေကျပ် ၁၂၀၀၀၀ တန်ဖိုးရှိ တီရှပ်အထည် ၂၀၀ အပါအဝင် စေတနာရှင် အလှူရှင်များက ငွေကျပ် ၈၅သိန်းခန့်နှင့် ဆေးဝါးပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်များ၊ ရှပ်အင်္ကျီအသစ်များနှင့် အဝတ်အထည်မျိုးစုံ ၅၀၀၀ခန့် လာရောက်လှူဒါန်းကြသည်။

လှူဒါန်းငွေနှင့်ပစ္စည်းများကိုကော်မတီ ဥက္ကဋ္ဌ ဦးကျော်ရင် (သံတွဲ ခရိုင်အသင်း) ဦးဆောင်သော ပစ္စည်းလှူဒါန်းရေးအဖွဲ့သည်ဇွန်နောက်ဆုံးအပတ်တွင်လေဘေး သင့်ခံရသည့် ငွမြို့နယ်သို့ ဒုတိယအကြိမ် သွားရောက် လှူဒါန်းမည်ဖြစ်သည်။

ငွမြို့နယ်လေဘေးကူညီရေးကော်မတီ (ရန်ကုန်) စခန်းကို ၂၀၀၆ခုနှစ် မေ ၁၅ ရက်မှ ဇွန် ၁၅ ရက်အထိ တစ်လတာ ဖွင့်လှစ်ခဲ့ရာ ဇွန် ၁၅ ရက်တွင် စခန်းပိတ်သိမ်းပြီး ဖြစ်သည်။

စခန်းဖွင့်လှစ်ကာလအတွင်း စေတနာရှင်များက လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၁၃၅သိန်းခန့်နှင့် ဆေးဝါးပစ္စည်းများ ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၃၀၀ခန့်၊ ရှပ်အင်္ကျီအသစ်အထည် ၁၀၀၀ကျော်နှင့် အဝတ်အထည်မျိုးစုံ ၈၅၀၀ခန့် လက်ခံရရှိကြောင်း သိရသည်။

(သတင်းစဉ်)

ငွမြို့နယ် လေဘေးကူညီရေးကော်မတီ (ရန်ကုန်)က ထောက်ပံ့ရေးပစ္စည်းများကို ပထမအကြိမ်အဖြစ် ငွမြို့နယ်တွင် သွားရောက်ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၉

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၇ ရက် (ဇူလိုင် ၁၆ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီတွင် ဗဟန်းမြို့နယ် ဗဟန်း(၃) လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ မြို့နယ်အသင်းသူ၊ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သင်္ကန်းနှင့် အခြားလှူဖွယ်ဝတ္ထုပစ္စည်းလှူလိုသူများသည် နာယက ဦးစိုးညွန့် ဖုန်း–၂၂၄၅၈၀၊ဥက္ကဋ္ဌဦးကျော်ခိုင် ဖုန်း–၂၄၆၁၄၀၊ အတွင်း ရေးမှူး ဦးကျော်စိုး ဖုန်း–၀၉ ၅၀၀ ၁၄၂၆၊ တွဲဖက်အတွင်းရေးမှူး ဦးစန်းအောင် ဖုန်း–၆၆၄၆၀၇၊ ဘဏ္ဍာရေးမှူး ဦးကြိုင်မြင့် ဖုန်း–၃၇၁၅၆၂၊ အမှုဆောင် ဒေါ်ဥ ဖုန်း–၀၉ ၈၀၃ ၃၉၁၅တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ဗိုလ်မှူးမြင့်သူ၊ ဒေါ်တင်မာလွင် မိသားစုက ကွမ်းခြံကုန်း ဆန်ခေါက်ဆွဲဖြင့် ဧည့်ခံမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

စာပေထက်မြက် နိုင်ငံတွက်

မောင်ဆုရှင်

ယခုခေတ်တွင် စာပေ၊ မီဒီယာ၊ စာနယ်ဇင်းနှင့် အများစုဖြစ်သော ဖော်ကျူးမှု အနုပညာရပ်တို့သည် ရေစီးကြောင်းကြီးတစ်ခုတည်း၌ စီးဆင်းနေကြသည်။ အချင်းချင်း အတုံ့အလှည့်ပြုနိုင်သည့် လုပ်ငန်းနယ်ပယ်များလည်းဖြစ်နေကြသည်။ "ဘက်စုံဆက်သွယ်ရေး"ဟု ခေါ်နိုင်သော "မာလ်တီမီဒီယာ"များပင်ဖြစ်သည်။ စာပေ၏ ပင်မလုပ်ငန်းဖြစ်သော ရေးသားမှုသည် မှတ်တမ်းတင်ခြင်း၊ သတင်းပေးခြင်း၊ ဖွဲ့ဆိုခြင်း၊ စည်းရုံးခြင်းတို့နှင့်အတူ မော်ကွန်းထိုးခြင်းအထိ ကျယ်ပြန့်သွားသည့်ပြင် အခြားဆက်သွယ်မှု အနုပညာများနှင့်လည်း နှုတ်ခမ်းချင်းဆက်စပ်ကာ တစ်သားတည်း ပေါင်းယှက်သွားနိုင်လေ့ရှိ၏။

စာပေ၏ ပင်ကိုသဘော၌ ထက်မြက်မှုပါရမြဲဖြစ်သည်။ စာပေထက်မြက်သော ခေတ်အခါများ၌ နိုင်ငံတိုးတက်မှု ထိပ်ဆုံးသို့ ရောက်သည်ကို မြန်မာ့သမိုင်း၌ တွေ့နိုင်သည်။ ခေတ်ကာလနှင့်စာပေ၊ စာပေနှင့် ခေတ်ကာလတို့မှာ ကျွန်းနှင့်ကိုင်း၊ ကိုင်းနှင့်ကျွန်းတို့အလား အနည်းနှင့် အများ ပုံရိပ်ထင်ကြလေ့ရှိမြဲဖြစ်သည်။ ပုံရိပ်ထင်ရေး၌ စာပေကို ဖန်တီးသောသူတို့၏ ဉာဏ်အား၊ လေ့ကျင့်အားထုတ်မှုအားအပြင် စေတနာအားပါ ကူရလေ့ရှိသည်။ ထိုအချက်မှာ ဘယ်ခေတ်အတွက်မဆို အရေးကြီးလေသည်။

စေတနာအားသည် ရေးသူ၊ ဖွဲ့သူတို့၌ မြစ်ဖျားခံပြီး ဖတ်ရှုသူ၊ မှတ်သားသူ၊ စာနာသူတို့၌ သြဇာသက်ရောက်မြဲဖြစ်သည်။ ထိုသြဇာများသည် ပုံနှိပ်စာအုပ်၊ စာနယ်ဇင်းများအဖြစ် နိုင်ငံ၏နေရာအနှံ့သို့ ရောက်ရှိနေကြသည်။ စာကြည့်တိုက်ကဲ့သို့နေရာမျိုး၌ အမျိုးသား အကျိုးစီးပွားနှင့် လူသားရင်းမြစ် ဖွံ့ဖြိုးရေးအတွေးများ ပြည့်နှက်ကိန်းအောင်း၍ နေသည်။ **ဖတ်ပါလှည့်ကုန်၊ မှတ်ပါလှည့်ကုန်၊ ယူပါလှည့်ကုန်** ဟူ၍ ဖိတ်ခေါ်မှုမှာ ယခုအခါ ကျောင်းရိပ်၊ ရွာရိပ်တို့အထိ ရောက်စပြုသည်။ မဖတ်ဘဲ၊ မမှတ်ဘဲ၊ မယူဘဲ ထားရှိသောစာတို့သည် သူ့ချည်းသက်သက် ထားရုံဖြင့် ဉာဏ်အလင်းကို မပေးနိုင်ချေ။

ရောက်ရှိသောနယ်ဝန်းကျယ်ပြန့်လေလေ ရေးသားပုံနှိပ်သောစာများ၌ သတ္တိဗလပါဖို့ လိုလေလေ ဖြစ်ပေမည်။ သုတ၊ ရသမြောက်ဖို့လိုသည်။ အမြင်မှန်၊ စိတ်ကူးမှန်တို့ကို ပြသသည့်လက်ရာဖြစ်ဖို့ လိုသည်။ လက်ရာမှန်မှ လမ်းပြမှန်ပေမည်။ အမှန်ဟူသည်မှာ တရားကိုယ် အမှန်ကိုသာ လိုအပ်သည်။ သူပြော လူပြော မှန်သမျှကိုလည်း မစိစစ်ဘဲ အမှန်ဟူ၍ မယူအပ်။

စာပေသည် ဝါသနာအရာ၊ စိတ်လက်ပျော်ပိုက်မှုကိစ္စမျှအတွက်သာ လိုက်စားဖို့ မဟုတ်တော့။ ထိုမှ တစ်ဆင့်တက်လျက် သက်မွေးဝမ်းကျောင်းနယ်ပယ်ကြီး ဖြစ်လာခဲ့သည်။ ထိုအပြောင်းအလဲသည် ဘယ်ခေတ်ကနှင့်မျှ မတူသော အပြောင်းအလဲဖြစ်သည်။ ကွယ်လွန်သူ ဆရာဦးတင့်တယ်က 'အောင်မြင်'ဟူသော အမည်ဖြင့် ရေးသည့်စာများ၌ မကြာခဏ ရေးဖူးသလို "ခါနာ (ထမင်း) တစ်လုတ်အတွက် ဝါစာကမာလုပ်သည်"ဆိုသော ကိစ္စမျိုးနှင့်ယှဉ်၍ လာခဲ့သည်။ ရေးသူတွေများသလို ပုံနှိပ်ထုတ်ဝေသူတွေ များသည်။ စာဖတ်သူတွေများသည်။ ရုပ်သံတေးဂီတအဖြစ် ကူးပြောင်းသောလက်ရာတွေ ထွက်လာသည်။ နိုင်ငံ့ကျေးရွာဖြင့် စာကြည့်တိုက်၊ စာဖတ်ခန်းတွေ များလာနေသည်။ စာပေဖြင့် အသက်မွေးခြင်းကို တိုက်ရိုက်လုပ်သူများ၊ စာပေနှင့်ဆက်စပ်ရာ လုပ်ငန်းခွင်၌ ရောက်နေသူများ၏ အရေအတွက်မှာလည်း မနည်းတော့။ အလွတ်ပင်တိုင်ရေးသားပြီး ဝင်ငွေကို ထောက်ကူနေသူတို့၏ အရေအတွက်မှာ ထို့ထက်ပင် များဖို့ရှိသည်။ စာပေ၊ စာနယ်ဇင်းနည်းဖြင့် မီးဖိုချောင်ထဲမှ အိုးပွက်အောင် (pot boiler)လုပ်ရသဖြင့် စာပေသမားတို့အဖို့ အိုးပွက်ရေးကိုသာ ဦးစားမပေးမိဖို့ ကိစ္စလည်းပေါ်လာသည်။ ဤသည်မှာ ပထမ သတိပြုရန်ဖြစ်သည်။

တစ်ချိန်တည်းမှာပင် စာပေပျံ့နှံ့မှုကို ထောက်ကူသော ပုံနှိပ်ချက်၊ လွှင့်ထုတ်ချက်၊ ရိုက်ကူးချက်များကို မြန်နိုင်ဖို့၊ များနိုင်ဖို့ထောက်ကူရန် ခေတ်မီစက်ကိရိယာ နည်းလမ်းများလည်း များစွာရှိနေပြန်သဖြင့် ခေတ်သစ် မီဒီယာတို့နှင့်အတူ နောက်တစ်မျိုးသတိပြုရန်အချက်မှာ ကပ်၍ပါလာနေသည်။

ထိုဒုတိယအချက်မှာ မှန်လျှင်လည်း လက်ခံရရှိသူတို့ထံ တစ်မဟုတ်ချင်း ဖောက်ထွင်း၍ ထုနှင့်ထည်နှင့် ရောက်သွားနိုင်သည်။ မှားလျှင်လည်း အမှန်နှင့်လွဲချော်သဖြင့် အတွေးလွဲ၊ အတွေးမှားများ အပျံ့အနှံ့ဖြစ်ကာ ဆိုးကျိုးကိုဦးတည်တော့မည်။ အမှားနှင့်အမှန်၊ အလွဲနှင့်အတည့်ကို အမျိုးသားရေးခံယူချက် စိတ်ထားဖြင့်သာ ရေးသူတို့ရော ဖတ်သူတို့ပါ အကဲဖြတ်နိုင်စွမ်းရှိဖို့လိုပါမည်။

စာပေအလုပ်ကို ဆင်ခြင်ကြည့်လျှင် အတွေးကစရသည်။ စိတ်ကူးက စရသည်။ အသိပညာကို အခြေခံရသည်။ အတွေးနှင့် စိတ်ကူးက စရသဖြင့် လက်တွေ့နှင့်မဝေးဖို့လိုသည်။ စာကောင်းပေမွန်တို့သည် လက်တွေ့အကျိုးများကို ပေးခဲ့လေသည်။ လူတစ်လုံး၊ သူတစ်လုံးဖြစ်စေရန် အသိအလိမ္မာ နီတိများ၊ သူ့ကျွန်မခံစေရန် မျိုးရိုးဇာတိမာန် ဖော်ထုတ်မှုများ၊ လွတ်လပ်ရေးအတွက် အနစ်နာခံ ကြိုးပမ်းအားထုတ်လိုမှု စိတ်ဓာတ်များ၊ ခေတ်မီနည်းပညာ ဗဟုသုတများစသည်ဖြင့် တာဝန်ကျေစွာ ဖြန့်ဖြူးခဲ့လေသည်။ နိုင်ငံတည်ဆောက်ရေး တာဝန်ပိုင်းသို့ ရောက်သောအခါ လုပ်ငန်းမှာ ပို၍နက်နဲသိမ်မွေ့လာရသည်။ ပြည်တွင်း၊ ပြည်ပ ရင်ဆိုင်ရပ်တည်ရမည့် အကြောင်းတွေများလာသည်။ ထို့ကြောင့် စာပေမှာဝန်တာ ပို၍ ကြီးမားသည်ဟု ဆိုချင်ပါသည်။

စာပေတာဝန်ကို ကျေပွန်ရန်မှာ အရေးအဖွဲ့က သုတရသမြောက်ရဖို့ ရှိသည်။ ထိုသို့လက်ရည်ရှိစေရန် မိမိကိုယ်ကို လေ့ကျင့်ပျိုးထောင်ခြင်းလည်း မပြတ်ရှိအပ်သည်။ မျက်မှောက်ရေးရာတို့ကို မျက်ခြည်မပြတ် လေ့လာအပ်သည်။ ပေါင်းစပ်ဖွဲ့စည်း၍ အသင်းအပင်းသဘော စုပေါင်းဆောင်ရွက်သော စိတ်ဓာတ်လည်း ထက်သန်မှ အောင်မြင်ရန် အကြောင်းရှိမည်။ အဖွဲ့အစည်းအလိုက် ထက်မြက်မှု၊ ဦးဆောင်မှုကား အခရာဖြစ်လေသည်။

မျက်မှောက်ခေတ် မြန်မာစာပေ၌ ရိုးရာစာပေအစဉ်အလာနှင့် မျက်မှောက်တည်ဆောက်မှု လုပ်ငန်းများကို ကူညီပံ့ပိုးရန် အဆောင်အရွက် ပစ္စည်းကိရိယာအင်အားနှင့် ကလောင်ရှင်တို့၏ အင်အားမှာ အရန်သင့်ရှိပြီးသားဟု ဆိုသင့်သလောက် ဆိုနိုင်သည်။ စနစ်တကျ မှန်ကန်စွာ အသုံးချနိုင်ဖို့သာ လိုပေသည်။

စနစ်ကျန မှန်ကန်ရေး၌ စာပေနှင့် မီဒီယာတို့ ရှိအပ်သည့် လုပ်ငန်းပိုင်း အင်္ဂါစုံရန်လည်း ဖြည့်စွမ်းဖို့ အစိတ်အပိုင်းများရှိနေသည်။ ဉာဏပစ္စည်းမူပိုင်ခွင့် ဥပဒေဖြင့် ဖြည့်ဆည်းဖို့ရှိသည်။ ထုတ်ဝေဖြန့်ချိမှုစနစ် ဇယားမှတ်တမ်းများ အသားကျလျက် ထုတ်ဝေသူများက စံနှုန်းများ တစ်ပြေးညီ စုပေါင်းကျင့်သုံးသင့်သည်။ ပြည်ပဈေးကွက်သို့ ထိုးဖောက်နိုင်ရန် နည်းလမ်းစနစ်များလိုသည်။ နိုင်ငံတကာ သုံးဘာသာဖြင့် ရေးစရာ မြန်မာမှုတွေများစွာရှိသည်။ အားနည်းသော စာပေကွက်လပ်တို့၌ အားသာအောင် ပြုလုပ်ရပေလိမ့်မည်။ အားထုတ်ပြုလုပ်ရမည့်သူတို့မှာ ဤနယ်သားများပင်ဖြစ်သည်။ **တန်းတူအောင် အားထုတ်ရေးတွင် ကမ္ဘာပြုမှုဖြစ်သော ဂလိုဘယ်လိုက်ဇေးရှင်းကိစ္စ၌ နိုင်ငံတကာ ဆောင်ပုဒ်တစ်ခု ဖြစ်သည့် "ကမ္ဘာလိုတွေး၊ ဒေသရေမြေဖြင့်၊ လက်တွေ့ကျင့်" (Think globally, act locally)ဆိုသော စကားမှာ တွေးကြံမှု၊ လုပ်ကိုင်မှုတို့အတွက် သင့်မြတ်ဖွယ် ရှိပေသည်။**

သို့ရာတွင် စာပေအနုပညာလုပ်ငန်းတို့၏ သဘာဝမှာ အရင်းမူလတာထွက်ချိန်၌ တစ်ဦးချင်း၏ ဦးနှောက်လှိုင်းနှင့်စပ်ဆိုင်သည်။ ထိုတစ်ဦးချင်းသည် ဖန်တီးသူလက်ရာရှင်ဖြစ်၍ တစ်ကိုယ်ရေစိတ်ဓာတ်ရှိသူဖြစ်တတ်သည်။ အစုအဖွဲ့နှင့် ဆက်ဆံခြင်းထက် တစ်ဦးချင်းဖန်တီးရမှု၌ မွေ့လျော်သူများဖြစ်သဖြင့် အဖွဲ့အသင်းကိစ္စမျိုးကို ဆောင်ရွက်သည့်အခါ အားနည်းတတ်သော သဘာဝနှင့်လည်း ကြုံရတတ်သည်။ ထို့ကြောင့် တစ်ဦးကောင်းနှင့် အများကောင်းတို့ကို မျှတအောင် သမပေးရန် လိုအင်ရှိသည်။

စာပေသည် နိုင်ငံနှင့်ပြည်သူတို့၏ အားပေးထောက်ခံမှုကြောင့် ခိုင်မြဲလျက်ရှိသည်။ ကဏ္ဍစုံပွင့်လင်းစွာ အခြေချထားမိလျက်ရှိပြီကိုမငြင်းနိုင်ပေ။ ငြင်းကြစို့ဆိုလျှင် စာပေဆု၊ စာမူဆု၊ စာပေထူးချွန်ဆုနှင့် ထွက်နေဆဲစာအုပ်၊ စာနယ်ဇင်းနှင့် အများစုကလောင်သမားတို့ကိုသက်သေထား၍ ညွှန်းရပေမည်။ သို့သော် စာပေသည် ခိုင်မြဲရုံမျှမက အရည်အသွေးတက်မှုကိုလည်း ပြည့်ဝစေသင့်သေးသည်။ ထို့ကြောင့် စာပေတွင် ပင်မရေစီးသန်၍ နိုင်ငံ့အကျိုး၊ ပြည်သူတို့အကျိုးကို ဆောင်နိုင်ရန်အတွက် ရေးသူတို့ တိုးပွားပါစေ၊ ထုတ်ဝေသူတို့ အတ္တပရနှစ်ဖြာတွဲ၍ အကျိုးဆောင်နိုင်ပါစေ။ ဖတ်သူ၊ မှတ်သူ၊ လေ့လာသူတို့ တိုးပွားပါစေ ဟူ၍ ဆန္ဒပြုအပ်ကြသည်။

ထိုသုံးနယ်တွင် စေတနာနှင့် အမြင်မှန်လမ်းမှန်တို့ ယှဉ်တွဲလျက် အမျိုးသားရေးကို မျက်ခြည်မပြတ် ရှိကြပါစေဟုလည်း ထပ်လောင်းဆန္ဒပြုသင့်ကြပါသည်။ ထိုအခါ နှစ်ပေါင်းရာထောင် ကြာမြင့်လျက်လွန်ခဲ့သည့် နှစ်ပေါင်း ၇၀ ကျော်က ဟစ်ကြွေးခဲ့သော "မြန်မာစာသည်တို့စာ" ဟူသော ကြွေးကြော်သံကို ခေတ်မီစွာ ပြုပြင်အားဖြည့်လျက် စာပေထက်မြက်ခြင်းဖြင့် နိုင်ငံအတွက် ကျယ်ပြန့်သော မျက်နှာစာကြီးတစ်ခုကို ထောက်ကူနိုင်စေကြောင်း စတုတ္ထအကြိမ် စာပေညီလာခံကို ကြိုဆိုကာ စကားလက်ဆောင် ပါးအပ်ပါသည်။ ။

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့
စတုတ္ထအကြိမ်ညီလာခံ ၂၀၀၆ခုနှစ်
ဇူလိုင်လ(၁)ရက်မှ(၂)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

မော်လမြိုင်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၉

မော်လမြိုင်အသင်း (ရန်ကုန်)၏ ဝါဆိုသင်္ကန်းကပ်လှူပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလပြည့် (ဓမ္မစကြာနေ့)၊ ဇူလိုင် ၉ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်အောက်ပစ္စယံရှိ မော်လမြိုင်ဓမ္မာရုံ၌ ပင့်သံဃာအပါး၅၀တို့အား ဝါဆိုသင်္ကန်းကပ်လှူမည်ဖြစ်သည်။

ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်း လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးရွှေဘော် ဖုန်း-၅၄၂၂၀၄၊ အတွင်းရေးမှူး ဗိုလ်မှူးမြင့်ရွှေ(ငြိမ်း) ဖုန်း-၀၉ ၅၁၀၁၈၀၊ ဒေါ်ခင်နွယ် ဖုန်း-၆၅၀၀၉၁၊ ဦးလှရွှေ အသင်းဓမ္မာရုံ ဖုန်း-၂၅၆၁၅၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မ ဇောတိကဓဇ ဦးကျော်ခင်မြင့်ထံ ကွယ်လွန်သူ မသူဇာသန့်အားရည်စူး၍ ရန်ကုန်မြို့ အလုံမြို့နယ် ကျောင်းလမ်းနေ မိခင် ဒေါ်သန်းသန်းဌေး မိသားစုက ကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၆-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၁၅	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၃၅	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄:၅၅	၆။ မျိုးချစ်တပ်မတော်
၅:၂၅	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၄၀	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။ မြဝတီရုပ်မြင်သံကြား
၆:၁၀	၁၀။ နိုင်ငံတကာသတင်း
၆:၂၀	၁၁။ မိုးလေဝသသတင်း
၆:၃၀	၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။ စောင့်မျှော်ရှုစားကြိုးဝိုင်းစကား
၆:၄၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ"(အပိုင်း-၅၆)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။ FIFA WORLD CUP 2006 ဘောလုံးပွဲ-(Quarter Final ပွဲစဉ်) Germany Vs Argentina (Live)
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

(၁-၇-၂၀၀၆)ရက်နေ့

နံနက်ပိုင်း ၀၁:၃၀ နာရီ

FIFA WORLD CUP 2006

(Quarter Final ပွဲစဉ်)

ဘောလုံးပွဲ-Italy Vs Ukraine (Live)

ကမ္ဘောဒီးယားနှင့်မလေးရှား ပူးပေါင်းဆောင်ရွက်မည်

ဆီယမ်ရိ (ကမ္ဘောဒီးယား) ဇွန် ၂၈

ကမ္ဘောဒီးယားနှင့်မလေးရှားနိုင်ငံတို့သည် နှစ်နိုင်ငံ ကဏ္ဍအသီးသီးတွင် အပြန်အလှန်အကျိုး ဖြစ်ထွန်းမှုရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန်နှင့် နှစ်နိုင်ငံဆက်ဆံရေးခိုင်မာစေရန် သဘောတူညီကြကြောင်း အင်္ဂါနေ့က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိတွင်နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်ရေး ပူးတွဲကော်မရှင် ဒုတိယအကြိမ် အစည်းအဝေးတွင် ဖော်ပြပါအတိုင်းဆောင်ရွက်ရန် သဘောတူညီကြခြင်းဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ ကမ္ဘောဒီးယား နိုင်ငံခြားရေးဝန်ကြီး ဟော်နန်ဟောင်နှင့် မလေးရှား နိုင်ငံခြားရေးဝန်ကြီး ဒါတိုဆာရီဟာမစ်အယ်လ်ဘာတို့ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုံခြုံရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး၊ ခရီးသွားလာရေး၊ စိုက်ပျိုးရေး၊ သယ်ယူပို့ဆောင်ရေးနှင့် နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး အပါအဝင် နှစ်နိုင်ငံ အကျိုးတူကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေး

နှစ်ဦးနှစ်ဖက်မှ ကိုယ်စားလှယ်တို့က လုံခြုံရေးကိစ္စ ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံအတွင်းသို့ တရားမဝင်ခိုးဝင်မှုများ၊ နယ်စပ်ဖြတ်ကျော်ရာဇဝတ်မှု ကျူးလွန်ခြင်းနှင့် အမျိုးသမီးများနှင့် ကလေးငယ်များအား လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးကိစ္စတို့ကို ဆက်လက်ဆွေးနွေးမည်ဟု ပြောကြားကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘင်္ဂလားဒေ့ရှ်၌ကြက်ငှက်တုပ်ကွေးကာကွယ်ရေးဆောင်ရွက်

ဒါကာ ဇွန် ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပျံ့နှံ့မှုကို တားဆီးနိုင်ရန် အရေးပေါ်အစီအစဉ်တစ်ရပ်ကို အစိုးရက ဆောင်ရွက်လျက်ရှိကြောင်း ယူအင်ဘီ ပုဂ္ဂလိကသတင်းဌာနက တနင်္လာနေ့တွင် ဖော်ပြသည်။

အရေးပေါ်အစီအစဉ်အတွက် တာကာ ၄ဒသမ၂၇ဘီလီယံ (အမေရိကန်ဒေါ်လာ ၆၁ သန်းခန့်) ကုန်ကျမည်ဖြစ်ကြောင်း တနင်္လာနေ့က ကျင်းပ သောမွေးမြူရေးလုပ်ငန်းတာဝန်ရှိသူများအတွက် သင်တန်းဖွင့်ပွဲတွင် ငါးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်း အတွင်းဝန် ကွမ်ယူလ်ဟာဆန်က ပြောကြားသည်။

ထုတ်ပြန်

ကြက်ငှက်တုပ်ကွေးရောဂါကို ကာကွယ်မည့် အမျိုးသားမဟာစီမံကိန်းကို အကောင်အထည်ဖော်ရန် ဝန်ကြီးဌာနအဆင့် အစီအစဉ်များ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အခမ်းအနားဖွင့်ပွဲတွင် ထုတ်ပြန်ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် ကြက်ငှက်ဗိုင်းရပ်စ် ကူးစက်မှုကို တားဆီးရန် ၅၆နိုင်ငံမှ တင်ပို့သော ကြက်ငှက်များနှင့်ကြက်သား ထုတ်ကုန်ပစ္စည်းများ တင်သွင်းမှုကို ဘင်္ဂလားဒေ့ရှ်အစိုးရက ပိတ်ပင်ထားပြီးဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အရောင်ပြောင်းတတ်သည့်မြွေမျိုး ဘော်နီယိုကျွန်းတွင် တွေ့ရှိ

ဂျီနီဗာ ဇွန် ၂၈

အလိုအလျောက် အရောင်ပြောင်းလဲနိုင်စွမ်းရှိသည့် မြွေမျိုးစိတ်သစ်ကို ဘော်နီယိုကျွန်း သစ်တောတွင် တွေ့ရှိရကြောင်း ကမ္ဘာ့တောရိုင်း တိရစ္ဆာန်ရန်ပုံငွေအဖွဲ့ (ဒဗလျူဒဗလျူအက်ဖ်)က အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိပ်ပြင်းထန်

အင်ဒိုနီးရှားနိုင်ငံ ဘော်နီယိုကျွန်းပေါ်ရှိ ဘီးတွန်ကာရီဟွန် အမျိုးသားပန်းခြံအတွင်းမှ ကာပူအက်စ်မြစ်တစ်ဝိုက်ရှိ စိမ့်စမ်းမြေနှင့် သစ်တောများအတွင်းမှ အဆိုပါမြွေကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်းမြွေသည် တစ်မီတာဝက်ခန့်ရှည်ပြီး အဆိပ်ပြင်းထန်လှသည်ဟု သိရသည်။

ယင်းမြွေ၏အရေခွံသည် ကွဲလွဲသည့်သဘာဝပတ်ဝန်းကျင်တွင် အရောင်ပြောင်းလဲနိုင်ကြောင်း ဇီဝဗေဒပညာရှင်များက တွေ့ရှိသည်။

ပုတ်သင်ညိုကဲ့သို့ တွားသွားသည့်သတ္တဝါအချို့တွင်သာ အရောင်ပြောင်းလဲနိုင်စွမ်းရှိကြောင်း အများကသိရှိထားပြီးဖြစ်သော်လည်း ဖော်ပြပါမြွေမျိုးတွင် အရောင်ပြောင်းလဲတတ်သည်ကိုမူ အသိနည်းနေကြကာ ထူးခြားမှုရှိနေသည်ဟု ဖော်ပြပါ ဒဗလျူဒဗလျူ အက်ဖ်က ပြောကြားသည်။

မိမိကနီညိုရောင်ရှိသည့် မြွေကို ရေပုံးထဲတွင်ထားကြောင်း၊ မိနစ်အနည်းငယ်အကြာတွင် ယင်းမြွေသည် လုံးဝဖြူဆွတ်လုနီးပါး အရောင်ပြောင်းလဲသွားကြောင်း ဒဗလျူဒဗလျူ အက်ဖ်မှ တွားသွားတိရစ္ဆာန် ပညာရှင်နှင့် အတိုင်ပင်ခံ ဒေါက်တာ မတ်အူလီယာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အရောင်ပြောင်းတတ်သည့် မြွေနှင့်အခြားသော ထူးခြားသတ္တဝါမျိုးများအား မှတ်တမ်းတင်နိုင်ရန် ဘော်နီယိုသစ်တောအတွင်း အလိုအလျောက်စနစ်သုံး ကင်မရာတပ်ဆင်နေသည်ကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

မက္ကဆီကို၌ ရဲအရာရှိတစ်ဦး ပစ်သတ်ခံရ

မက္ကဆီကိုစီးတီး ဇွန် ၂၆

မက္ကဆီကိုနိုင်ငံ ကန်ကွန်ဒေသ၌ တနင်္လာနေ့ညက အထက်တန်းရဲအရာရှိတစ်ဦးကို သေနတ်သမားများက ပစ်သတ်ခဲ့ကြောင်း သတင်းတစ်ရပ်တွင် ရေးသားဖော်ပြသည်။

အသက် (၅၆) နှစ်ရှိ ဒေသဆိုင်ရာ ရဲအရာရှိ ဝလ်ဖရာဒို ဖလိုရက်စ် နှင့် ၎င်း၏သက်တော်စောင့်တို့သည်ကာရစ်ဘီယံ အပန်းဖြေစခန်းအနီး လူများသွားလာမှုများသော လမ်းတွင် ၎င်းတို့၏ကားထဲ၌ သေနတ်ဒဏ်ရာနှင့် သေဆုံးနေကြောင်း ကန်ကွန်ဒေသရှိ ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အာရပ်စော်ဘွားများ ပြည်ထောင်စု ဒူဘိုင်းမြို့တွင် ကမ္ဘာလှည့်ခရီးသည်များအား ဝန်ဆောင်မှုပေးနေသည့် ကုလားအုတ်များကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဟောင်ကောင်ရှိ ဒစ္စနေးလန်း ပျော်ရွှင်စရာဥယျာဉ်ကမ္ဘာတွင် အပန်းဖြေနေသူများအနက် အမှတ်တရဓာတ်ပုံရိုက်နေသူတစ်ဦးကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယနှင့်တရုတ်ဆက်ဆံရေး တိုးတက်နေ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင် ပြောကြား

ပေကျင်း ဇွန် ၂၈

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် နှစ်နိုင်ငံ နယ်စပ်ပြဿနာများနှင့်ပတ်သက်၍ ထပ်မံဆွေးနွေးမှုများကို တနင်္လာနေ့တွင် စတင်ကျင်းပသည်။ နှစ်နိုင်ငံ နယ်စပ်ပြဿနာဖြေရှင်းရေးဆိုင်ရာ လမ်းညွှန်မူဝါဒများ အခိုင်အမာ ချမှတ်ပြီးသည့်နောက် အိန္ဒိယနှင့်တရုတ်၏ ဆက်ဆံရေးသည် ကောင်းမွန်သည့် အခြေအနေတွင်ရှိနေကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြောကြားသည်။

မိမိအိန္ဒိယနိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက် အိန္ဒိယ-တရုတ် နယ်စပ်ပြဿနာဖြေရှင်းရေးအတွက် လမ်းညွှန်မူဝါဒများကို နှစ်နိုင်ငံ တာဝန်ရှိသူများနှင့်အတူ ချမှတ်နိုင်ခဲ့ပြီးနောက် မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးအခြေအနေ တိုးတက်ကောင်းမွန်လာကြောင်း ဝမ်ကြားပေါင်က အိန္ဒိယနယ်စပ်ဆွေးနွေးပွဲဆိုင်ရာ ကိုယ်စားလှယ်နှင့် အမျိုးသားလုံခြုံရေးအကြံပေး အစ်ကေနာရာယာနနှင့် တွေ့ဆုံရာတွင် ပြောကြားသည်။

အိန္ဒိယနှင့် တရုတ်နိုင်ငံတို့သည် လွန်ခဲ့သည့်နှစ်အတွင်း မဟာဗျူဟာမြောက် မိတ်ဆွေနိုင်ငံအဖြစ် ဆက်ဆံနိုင်ကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေး အဆင့်မြင့်တင်နိုင်ရန် အဆင့်မြင့်ပုဂ္ဂိုလ်များ အဆင့်ဆင့်အပြန်အလှန် ခရီးစဉ်များရှိကြောင်း၊ အပြန်အလှန်ဖလှယ်မှုများပြုလုပ်ခဲ့ကြောင်း တရုတ်ဝန်ကြီးချုပ်က ပြောကြားသည်။ ***အမ်အင်အေ၊ပီတီအိုင်။***

ပါကစ္စတန်နှင့် ဂျော်ဒန် ကုန်သွယ်မှုတိုးချဲ့မည်

အစ္စလမ္မာဘတ် ဇွန် ၂၈

ပါကစ္စတန်နှင့် ဂျော်ဒန်နိုင်ငံတို့သည် အထည်အလိပ်လုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ အဆင့်မြင့်နည်းပညာလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းကဏ္ဍတို့တွင် အပြန်အလှန် ကုန်သွယ်မှုတိုးချဲ့ရန် သဘောတူညီမှုနှစ်ရပ်ကို အင်္ဂါနေ့တွင် လက်မှတ်ရေးထိုးကြကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

အစ္စလမ္မာဘတ်မြို့၌ နှစ်ရက်ကြာကျင်းပသည့် ပါကစ္စတန်-ဂျော်ဒန် ဝန်ကြီးအဆင့် ပူးတွဲအစည်းအဝေးအပြီးတွင် ပါကစ္စတန်စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဟာမာယွန်အက်တာခန်းနှင့် ဂျော်ဒန်စီမံကိန်းနှင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး ဆူဟဲအယ်လ်အလီတို့က ယင်းသဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့ကြသည်။

ပါကစ္စတန်နှင့် ဂျော်ဒန်နိုင်ငံတို့သည် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှု လက်မှတ်ရေးထိုးရေးအတွက် ညှိနှိုင်းမှု စတင်ရန် သဘောတူညီကြကြောင်း ခန်းက သတင်းထောက်များအား ပြောကြားသည်။

ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်း၊ ဓာတ်သတ္တုလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်းနှင့် အထည်ချုပ်လုပ်ငန်းတို့ အပါအဝင် ကဏ္ဍပေါင်းစုံတွင် ဖက်စပ်လုပ်ငန်းများ တည်ထောင်ရေးအတွက် ပုဂ္ဂလိကကုမ္ပဏီများအား ရင်းနှီးမြှုပ်နှံရေး တိုက်တွန်းရန် နှစ်နိုင်ငံသဘောတူညီကြောင်း ၎င်းက ပြောကြားသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့တွင်လည်း ပူးပေါင်းဆောင်ရွက်လိုကြောင်း နှစ်နိုင်ငံက ထုတ်ဖော်ပြောကြားသည်။

နှစ်နိုင်ငံ၏ အဆင့်မြင့် ပညာသင်တန်းများနှင့် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများနှင့်ပတ်သက်၍ ပြည့်ပြည့်စုံစုံ ဆွေးနွေးခဲ့ကြသည်။ နှစ်နိုင်ငံရှိ တက္ကသိုလ်များ အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ရန် စီစဉ်ကြမည်ဖြစ်သည်။ ရေနံလုပ်ငန်း၊ မီးရထားလုပ်ငန်းနှင့် လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတို့တွင် ကျွမ်းကျင်မှုဖလှယ်ရန် နှစ်နိုင်ငံ သဘောတူညီကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

နိုင်ငံတကာသတင်းများ



ရုရှားနှင့် မွန်တီနီဂရိုး သံတမန်ဆက်ဆံရေးထူထောင်

မော်စကို ဇွန် ၂၈

ရုရှားနိုင်ငံက မွန်တီနီဂရိုးနိုင်ငံနှင့် တနင်္လာနေ့တွင် သံတမန်ဆက်ဆံရေး ထူထောင်လိုက်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မွန်တီနီဂရိုးသမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံဆန္ဒအလျောက် ပူးပေါင်းဆောင်ရွက်ရေးအတွက် ရည်မျှော်ကာ သံတမန်ဆက်ဆံရေးကို ဇွန် ၂၆ ရက်တွင် ထူထောင်ခဲ့ခြင်းဖြစ်သည်ဟု အဆိုပါဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လဲလှယ်

ရုရှားနှင့် မွန်တီနီဂရိုး နိုင်ငံခြားရေးဝန်ကြီးဌာနတို့က သံအမတ်ကြီးအဆင့်ရှိ သံတမန်ဆက်ဆံရေး ထူထောင်ရန် အတည်ပြုထားသည့် သဘောတူစာချွန်လွှာကို မွန်တီနီဂရိုးနိုင်ငံ၏ မြို့တော်ပေါ့ဂိုရီကာတွင် လဲလှယ်ခဲ့သည်ဟု အင်တာဖက် သတင်းဌာနက ဖော်ပြသည်။

ကြေညာ

မွန်တီနီဂရိုးနိုင်ငံမှ ၅၅ ဒသမ ၅ ရာနှုန်းရှိ မဲဆန္ဒရှင်များက ဖက်ဒရေးရှင်းမှခွဲထွက်ကာ လွတ်လပ်ရေးရရှိရန် မဲပေးခဲ့ကြပြီးနောက် မွန်တီနီဂရိုးနိုင်ငံက ဇွန်လ ၃ ရက်တွင် လွတ်လပ်သည့် နိုင်ငံဖြစ်ကြောင်း ကြေညာခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။



ဝါရှင်တန်တွင် မိုးသည်းထန်စွာရွာသွန်း ရုံးဌာနအချို့မှ ဝန်ထမ်းများ အလုပ်မဆင်းနိုင်

ဝါရှင်တန် ဇွန် ၂၈

အမေရိကန်ပြည်ထောင်စု၏ မြို့တော်ဝါရှင်တန်တွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေလွှမ်းမိုးမှု ဖြစ်ပွားနေသဖြင့် တနင်္လာနေ့တွင် ရုံးဌာနအချို့မှ အစိုးရဝန်ထမ်းများ အလုပ်မဆင်းနိုင်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြသည်။

တနင်္ဂနွေနေ့နောက်ပိုင်းတွင် မိုးရေချိန်လက်မ ၁၈ စင်တီမီတာအထိ ရွာသွန်းခဲ့သဖြင့် ရေကြီးမှုဖြစ်ပွားခဲ့ပြီး အဆောက်အအုံများ၏ မြေအောက်ခန်းများ ရေလွှမ်းမိုးမှု သို့တည်းမဟုတ် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုပေါ်ပေါက်ကာ ပြည်တွင်းအခွန်ဌာန၊ ကူးသန်းရောင်းဝယ်ရေးဌာန၊ တရားရေးဌာနနှင့် အမျိုးသားမော်ကွန်းတိုက်တို့ကို ပိတ်ထားခဲ့ရသည်။

ယင်းကဲ့သို့ ရေလွှမ်းမိုးမှုကြောင့် စမစ်ဆိုနီယန်ပြတိုက်လည်း ပိတ်ထားခဲ့ရသည်။ အမေရိကန်သမိုင်းနှင့် သဘာဝသမိုင်းဆိုင်ရာ ပြတိုက်များနှင့် အမျိုးသားတိရစ္ဆာန်ရုံတို့ကို ပိတ်ထားသည်။

သက်တမ်းနှစ်၁၀၀ရှိ သစ်ပင်ကြီးတစ်ပင်သည် အိမ်ဖြူတော်အဆောက်အအုံ၏ အမိုးပေါ်သို့ ပိကျနေသည်။ မော်တော်ယာဉ်များမှာ လမ်းဆုံလမ်းခွများတွင် ရေလွှမ်းမိုးလျက်ရှိသည်။

အမ်အင်အေ၊ ရိုက်တာ။

နီပေါ၌ မူးယစ်ဆေးဝါးသုံးစွဲသူ တစ်သိန်းခွဲခန့်ရှိ

ခတ္တမန္ဒူ ဇွန် ၂၇

နီပေါနိုင်ငံ၌ မူးယစ်ဆေးဝါးသုံးစွဲသူဦးရေ ၁၅၀၀၀၀ ခန့်ရှိကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက တနင်္လာနေ့တွင် ပြောကြားသည်။

အဆိုပါ မူးယစ်ဆေးဝါးသုံးစွဲသူ ၁၅၀၀၀၀ အနက် ၁၀၀၀၀၀ မှာ အလွန်အကျွံ အလွဲသုံးသူများ ဖြစ်ကြောင်း ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ပြည်ထဲရေးဝန်ကြီး ကရစ်ရှနား ပရာဆတ်စီတူလာက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အီရတ်တွင် ကန်တပ်ဖွဲ့ဝင်နှစ်ဦး ပြန်ပေးဆွဲခံရပြီး အသတ်ခံရ

ဘဂ္ဂဒက် ဇွန် ၂၈

ဘဂ္ဂဒက်မြို့တော် တောင်ပိုင်းဒေသတွင် လွန်ခဲ့သည့် ရက်သတ္တပတ်က သေဆုံးနေသည်ကို တွေ့ရှိခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသည် ပြန်ပေးဆွဲခံရပြီး ပြောက်ကျားများက သတ်ဖြတ်ခဲ့ကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် အတည်ပြုပြောကြားသည်။

ပြန်ပေးဆွဲခံရ

တပ်သားများဖြစ်သည့် ကရစ်တီယန်မင်ချာကာနှင့် သောမတ်စ်တပ်ကာတို့သည် ယူဖရေးတီးမြစ်အနီး ဖြတ်သန်းနေသည့် တူးမြောင်းကို ကာကွယ်စောင့်ရှောက်သည့် အဖွဲ့ဝင်သုံးဦးမှဖြစ်ပြီး ၎င်းတို့ကို ယူဆူဖီယာမြို့၌ ဇွန်လ ၁၆ ရက်က ပြန်ပေးဆွဲခံခဲ့ရခြင်းဖြစ်သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။

ဖော်ပြ

၎င်းတို့နှစ်ဦး မည်သည့်နေရာတွင် သေဆုံးခဲ့ပြီး မည်သည့်အုပ်စု၏ လက်ချက်ဖြစ်ကြောင်း အဆိုပါ ကြေညာချက်၌ ဖော်ပြခြင်းမရှိပေ။

အမ်အင်အေ၊ရိုက်တာ။

ကုလသမဂ္ဂ၏ ၁၉၂ နိုင်ငံမြောက် အဖွဲ့ဝင်ဖြစ်လာသော မွန်တီနီဂရိုးနိုင်ငံ၏ သမ္မတ ဖိလစ်ယူဂျာနိုဗစ် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဇွန် ၂၈ ရက်က မိန့်ခွန်း ပြောကြားစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ချက်သမ္မတနိုင်ငံ ထရီဘစ်မြို့၌ ကျင်းပသည့် မျက်မမြင်ပန်းပု ဆရာများ၏ ပန်းပုလက်ရာပြပွဲတွင် ပြိုင်ပွဲဝင် ရုပ်တုတစ်ခုကို ဇွန် ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကမ္ဘောဒီးယား၌ မူးယစ်ဆေးဝါးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးစခန်း ဖွင့်လှစ်

ဆီယမ်ရိ(ကမ္ဘောဒီးယား) ဇွန် ၂၈

ကမ္ဘောဒီးယားနိုင်ငံတွင် မူးယစ်ဆေးဝါး စွဲနေသူများအတွက် ပြန်လည်ထူထောင်ရေးစခန်းကို တနင်္လာနေ့တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ ဖနောင်ပင်မြို့၏ မြောက်ဘက် ၃၁၇ကီလိုမီတာအကွာ ဆီယမ်ရိမြို့တွင် ယင်းစခန်းကို ဖွင့်လှစ်ထားခြင်းဖြစ်ကြောင်း သတင်းတစ်ရပ်၌ ရေးသားဖော်ပြထားသည်။

ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်ဦးဆောင်၍ အစိုးရတာဝန်ရှိသူများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများပူးပေါင်းပြီးပြန်လည်ထူထောင်ရေးစခန်းကို ဖွင့်လှစ်ခဲ့သည်။

နိုင်ငံသားများအားလုံးအတွက် ပထမဦးစားပေးအဖြစ် မူးယစ်ဆေးဝါး ဆန့်ကျင် တိုက်ဖျက်ရေးကို ဆောင်ရွက်ရန် ဆုံးဖြတ်ထားကြောင်း ဟွန်ဆန်က ပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ဧရာနံ့ထွက်ပစ္စည်းများတင်ပို့မှု ဗီယက်နမ်ဝင်ငွေမြင့်တက်

ဟနွိုင်း ဇွန် ၂၈

ဗီယက်နမ်နိုင်ငံသည် ယခုနှစ်တွင် ရေနံထွက်ပစ္စည်း တန်ချိန် ၅ ဒသမ ၆ သန်းတင်ပို့ရာမှ အမေရိကန်ဒေါ်လာ ၂ဒသမ ၉ဘီလီယံရရှိကြောင်း၊ ယမန်နှစ်အလားတူကာလထက် ပမာဏအားဖြင့် ၈ဒသမ ၇ရာခိုင်နှုန်း ကျဆင်းသော်လည်း တန်ဖိုးအားဖြင့် ၁၈ ရာခိုင်နှုန်း မြင့်တက်လာကြောင်း ဗီယက်နမ်နိုင်ငံ ဗဟိုစာရင်းရုံးက တနင်္လာနေ့တွင် ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမခြောက်လပတ်တွင် ရေနံစိမ်းတန်ချိန် ၈ဒသမ ၂ သန်းတင်ပို့မှုမှ အမေရိကန် ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံကျော်ရရှိပြီး ယမန်နှစ်ကထက် ၂၁ ရာခိုင်နှုန်းများပြားလာသည်။ ဗီယက်နမ်နိုင်ငံသည် ၂၀၁၀ ပြည့်နှစ်တွင် ရေနံထွက်ပစ္စည်းတန်ချိန် လေးသန်းတင်ပို့ရန် မျှော်မှန်းထားသည်။ ၂၀၁၀ ပြည့်နှစ်တွင် ရေနံထွက်ပစ္စည်းဝယ်လိုအားသည် တန်ချိန် ၁၈သန်းမှ ၁၉သန်းအထိ ရှိမည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***



အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် ဟောလိဝုဒ်တွင် အယ်လ်ဂျီကုမ္ပဏီနှင့် ဂျာမိန်းဒူပရီကုမ္ပဏီတို့၏ မိုဘိုင်းလ်ဖုန်းဝန်ဆောင်မှုလုပ်ငန်းအတွက် သရုပ်ပြနေသော လက်ဝှေ့သမားဟောင်း မိုက်တိုင်ဆန်ကို ဇွန် ၂၇ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အင်ဒိုနီးရှား၌ လျှောင်လျှပ်

ဂျကာတာ ဇွန် ၂၈

အင်ဒိုနီးရှားနိုင်ငံ ဆူလာဝေစီကျွန်းတွင် တနင်္ဂနွေနေ့က ပြင်းအား ရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ ပင်လယ်ရေအောက် လျှောင်လျှပ်သွားကြောင်း၊ သို့သော် ထိခိုက်ဒဏ်ရာရရှိမှု သို့မဟုတ် ပျက်စီးမှုသတင်းကို မရရှိကြောင်း မိုးလေဝသနှင့် ဘူမိရူပဗေဒဌာနက ပြောကြားသည်။

ဗဟိုပြု

လျှောင်သည် ဆူလာဝေစီမြောက်ပိုင်း ဂိုရွန်တာလိုမြို့မှ ကီလိုမီတာ ၁၁၀ အကွာ ပင်လယ်ကြမ်းပြင်အောက် ၇၂ ကီလိုမီတာ(၄၅မိုင်)ကို ဗဟိုပြုလှုပ်ခဲ့ကြောင်း၊ ဆူနာမီလှိုင်း ဖြစ်ပွားမှုမရှိကြောင်း အဆိုပါ ဌာနက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတကာ အိုင်စီတီပြပွဲ ထိုင်းနိုင်ငံ၌ ကျင်းပမည်

ဗန်ကောက် ဇွန် ၂၈

နှစ်စဉ်ကျင်းပပြုလုပ်သည့် နိုင်ငံတကာသတင်းနှင့်ဆက်သွယ်ရေးနည်းပညာပြပွဲကို ဩဂုတ်လအစောပိုင်းတွင် ထိုင်းနိုင်ငံ၌ ကျင်းပမည်ဖြစ်ကြောင်း၊ ဒေသနှင့် နိုင်ငံပေါင်း ၂၆ ခုမှ နိုင်ငံတကာလုပ်ငန်း ၃၀၀ ခန့်ကို ဖိတ်ခေါ်ရန် မျှော်မှန်းထားကြောင်း သတင်းနှင့်ဆက်သွယ်ရေး နည်းပညာ (အိုင်စီတီ) ယာယီဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ် ဆူချိုင်ချာရွန်ရာ တာနာကူလ်က တနင်္လာနေ့တွင် ပြောကြားသည်။

နည်းပညာပြပွဲကိုဩဂုတ်လ ၂ ရက်မှ ၆ ရက်ထိဗန်ကောက်မြို့စွန်တွင် ကျင်းပရန် မျှော်မှန်းထားကြောင်း၊ စုစုပေါင်း ဧည့်သည် ၃၀၀၀၀၀ ကို ဖိတ်ခေါ်မည်ဖြစ်ကြောင်း၊ ဧည့်သည်များအနက်မှ ၃၀၀၀၀ ခန့်သည် အိုင်စီတီ ကျွမ်းကျင်ပညာရှင်များဖြစ်ကြောင်း ၎င်းက ပြောကြားသည်။***အမ်အင်အေ၊ ဆင်ဟွာ။***

၂၀၀၆ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

မြန်မာအမျိုးသမီးများ မြန်မာလို လှစေချင်

မိုးရွှေစင်ဦး

နိုင်ငံတစ်နိုင်ငံ၏ နှလုံးသည်းပွတ်သည် ယဉ်ကျေးမှုပင်ဖြစ်သည်။ မိမိတို့ စောင့်ရှောက်အပ်သည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ကွယ်ပျောက်သွားခဲ့လျှင် လူမျိုးပါ တိမ်ကောပျောက်ကွယ်သွားဖွယ်ရာရှိပါသည်။

ထို့ကြောင့်နှလုံးသည်းပွတ်နှင့်တူသည့်ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ရမည့်တာဝန်သည် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်သည်ဟု ခံယူထားကြရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ရှေးဘိုးစဉ် ဘောင်ဆက်ကတည်းက မြတ်နိုးထိန်းသိမ်း စောင့်ရှောက်လာခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

အချို့သော တိမ်မြုပ်ပျောက်ကွယ်လု နီးပါးဖြစ်နေသည့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များမှာ သမိုင်းသုတေသီများ၏ ကြိုးမားသည့် ကြိုးစားအားထုတ်မှုတို့ကြောင့် သမိုင်းအထောက်အထားများနှင့်တကွ ရှာဖွေဖော်ထုတ်လာနိုင်ခဲ့သည်မှာလည်း မျက်မြင်အထင်အရှားပင် ဖြစ်ပါသည်။

မြတ်နိုးထိန်းသိမ်း စောင့်ရှောက်အပ်သည့် ရိုးရာယဉ်ကျေးမှုများအနက် အမျိုးသမီးများ၏ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

မြန်မာအမျိုးသမီးတို့၏ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများသည် သမိုင်းစဉ် တစ်လျှောက်လုံး မည်မျှထိခမ်းနားထည်ဝါ ကျက်သရေဖြာခဲ့သည် ဆိုသည်များကို ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ၏ ယဉ်ကျေး သိမ်မွေ့ခံ့ညားစွာ ဝတ်စားဆင်ယင် ထုံးဖွဲ့ရစ်နှောင် ကျက်သရေဆောင်ခဲ့ပုံများက သာဓကပြလျက်ရှိပါသည်။

ထို့ပြင် မြန်မာအမျိုးသမီးများသည် နယ်ချဲ့လက်အောက် ကျရောက်ခဲ့ရသည့် နှစ်ပေါင်းတစ်ရာကျော် အတွင်းမှာလည်း ကိုလိုနီနယ်ချဲ့တို့၏ အနောက်တိုင်း ယဉ်ကျေးမှုဓာတ်သွင်းခြင်းကို လက်မခံဘဲ ဝံသာနုရက္ခိတတရားနှင့်အညီ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်ရအောင် ကြံ့ကြံ့ခိုင် စောင့်ထိန်းကာကွယ်နိုင်ခဲ့ကြသည်ကို မျက်မြင်အထင်အရှား တွေ့ရှိရပါသည်။

သို့သော်လည်း ခေတ်ကာလနှင့် ပတ်ဝန်းကျင်အခြေအနေများ တဖြည်းဖြည်း ပြောင်းလဲလာခဲ့သည်နှင့်အမျှ လူတို့၏ ပြောဆို၊ နေထိုင်၊ လုပ်ကိုင်၊ ကြံစည်၊ တွေးခေါ်၊ ယူဆမှုနှင့် ဝတ်စားဆင်ယင် ထုံးဖွဲ့မှုများ သည်လည်း ပြောင်းလဲလာခဲ့ပါသည်။

အချိန်ကာလနှင့် ပတ်ဝန်းကျင်အခြေအနေကြောင့် ပြုပြင်ပြောင်းလဲ မည်ဆိုပါကလည်း မြန်မာ့ဟန်၊ မြန်မာ့စရိုက်နှင့် မဆန့်ကျင်ရေးနှင့် တိုင်းတစ်ပါး ယဉ်ကျေးမှု လွှမ်းမိုးခြင်းမခံရစေရေးအတွက် အမြဲမပြတ် သတိချပ်လျက်ရှိသင့်ပါသည်။

အဆင့်အတန်းမြင့်မားသည့် နိုင်ငံတိုင်းမှာ အမျိုးသားယဉ်ကျေးမှု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ထိန်းသိမ်းစောင့်ရှောက်လျက် ရှိပါသည်။ ယင်းအမွေအနှစ်များကို ဖော်ထုတ်ပြီး ပြောင်းလဲနေသည့် ခေတ်ရေစီးကြောင်းနှင့်အညီ ထိန်းသိမ်းသင့်သည်များကို ထိန်းသိမ်းလျက် စွန့်ပယ်သင့်သည်များကို စွန့်ပယ်ကြရမည် ဖြစ်ပါသည်။

ရိုးရာကို မြတ်နိုးထိန်းသိမ်းစောင့်ရှောက်ရမည်ဆိုသော်လည်း ရှေးဟန်အတိုင်း တစ်သဝေမတိမ်း လိုက်နာဝတ်ဆင်ကြရမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

သို့ရာတွင် မြန်မာတို့၏ ဝတ်စားဆင်ယင် ထုံးဖွဲ့မှုဆိုင်ရာ ယဉ်ကျေးမှုသည် ဆေးပြယ်သည့် ပန်းချီကားချပ်ပမာ တဖြည်းဖြည်း မှေးမှိန်စ ပြုနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရပါသည်။ ထို့ကြောင့် **အရိုးကို အရွက်မဖုံးစေနှင့်ဆိုသကဲ့သို့ မူလဇာစ်မြစ်ဖြစ်သည့် အမျိုးသားယဉ်ကျေးမှုကို လျှပ်ပေါ်လော်လည်အဆန်းအပြား ယဉ်ကျေးမှုတို့၏ ဝါးမျိုခြင်းမခံရစေရန် ဟီရိဩတ္တပ္ပတရားနှင့်အညီ ဝတ်စားဆင်ယင်ခြင်းဖြင့် ကာကွယ်ထိန်းသိမ်းသင့်ပေသည်။**

ထို့ကြောင့် ခေတ်အဆက်ဆက် မြန်မာအမျိုးသမီးများ၏ သိက္ခာရှိရှိ ဆင်ယင်ထုံးဖွဲ့ခဲ့ကြပုံကို ကမ္ဘာကသိရှိစေရန်နှင့် မိမိတို့ မျိုးဆက်သစ်လူငယ်များ သဘောပေါက် ဂုဏ်ယူနိုင်စေရန်၊ တန်ဖိုးမဖြတ်နိုင်သည့် ယဉ်ကျေးမှု အထောက်အထားများကို ခေတ်လူငယ် မြန်မာအမျိုးသမီးများ စိတ်ပါဝင်စားစေရန်၊ ဂုဏ်ယူထိုက်သော မြန်မာအမျိုးသမီးများ၏ ခေတ်အဆက်ဆက်တွင် ထည်ဝါခံ့ညားစွာ ဝတ်စားဆင်ယင် ထုံးဖွဲ့ရစ်နှောင် ကျက်သရေ ဆောင်ခဲ့ပုံများကို ဂုဏ်ယူသဘောပေါက်စေရန် စသည့်ကောင်းမြတ်သည့် ရည်ရွယ်ချက်များဖြင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ စီစဉ်မှုဖြင့် ၂၀၀၅ ခုနှစ် ဇူလိုင်လ(၃) ရက်နေ့ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ခေတ်အဆက်ဆက် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲကို ၂၀၀၅ ခုနှစ် ဇူလိုင်လ (၂) ရက်နေ့က အမျိုးသားဇာတ်ရုံတွင် ဂုဏ်ပြုတင်ဆက်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ခေတ်ရေစီးကြောင်း မည်သို့ပင်ပြောင်းခဲ့ပါစေ မပြောင်းလဲသည့် ဝတ်စားဆင်ယင်မှု တစ်ခုမှာ ယနေ့ထက်တိုင် ရှိနေပါသေးသည်။ ၎င်းမှာ အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုပ်ထိုး ဤသုံးမျိုးချက်မပိုင်လျှင် နောင်ပြင်ရန်ခက်သည့်အမျိုး ဆိုရိုးစကားအတိုင်း တစ်သက်မှာတစ်ခါ တစ်မင်္ဂလာဆိုသည့်အတိုင်း မိမိတို့မင်္ဂလာပွဲ၌ ဝတ်ဆင်လေ့ရှိသည့် မြန်မာအမျိုးသမီး သတို့သမီးဝတ်စုံပင် ဖြစ်ပါသည်။

ယခုကဲ့သို့ ဝတ်စားဆင်ယင်မှုနှင့် ပတ်သက်၍ စာတစ်စောင် ပေတစ်ဖွဲ့ ဖွဲ့အပ်သည့် မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်ကပင် တင့်တယ်စွာ ဆင်ယင်ထုံးဖွဲ့လာခဲ့ခြင်းဖြစ်ပါသည်။

မြန်မာအမျိုးသမီးများသည် နှစ်ပေါင်းထောင်ချီပြီး အဓွန့်ရှည်တည်တံ့လာခဲ့သည့် မြန်မာ့သမိုင်းစဉ် တစ်လျှောက် နိုင်ငံတော်နှင့် လူမျိုး အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်ရာ၌လည်းကောင်း၊ မြန်မာ့လူ့ဘောင် ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းရာ၌လည်းကောင်း၊ နောင်တစ်ခေတ်၏ မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင် မြေတောင် မြှောက်ပေးရာ၌လည်းကောင်း၊ သမိုင်းပေးတာဝန်အရပ်ရပ်ကို ကျေပွန်စွာ ထမ်းဆောင်ရာ၌လည်းကောင်း၊ ကျရာအခန်းကဏ္ဍ အသီးသီးမှနေ၍ ဂုဏ်ရောင်ထွန်းပြောင်အောင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ပေးနိုင်ခဲ့ရုံသာမက ယနေ့ထက်တိုင်လည်း ပါဝင်ဆောင်ရွက်ပေးလျက်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ဤသို့လေးစားဂုဏ်ယူဖွယ်ရာများနှင့် ပြည့်စုံသည့် ထူးချွန်ထက်မြက်သော မြန်မာအမျိုးသမီးများသည် ရိုးရာဓလေ့အရ ယဉ်ကျေးသိမ်မွေ့ကြသကဲ့သို့ မိမိတို့ အမျိုးအနွယ်နှင့် အမျိုးသားယဉ်ကျေးမှုကို စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်ကြရာ၌လည်း စံနမူနာယူဖွယ်ဖြစ်ပါသည်။

ထို့အတူ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများသည် ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်ဘာသာစကားများနှင့် မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ၊ အတူတကွ ဥမကွဲသိုက်မပျက်နေထိုင်လာခဲ့ကြသည်မှာ ရှေးနှစ်ပရိစ္ဆေဒ ကြာမြင့်စွာကတည်းကပင် ဖြစ်ပါသည်။

မြေမျိုလို့ လူမျိုးမပျောက် လူမျိုမှ လူမျိုးပျောက်မည် ဆိုရိုးစကားအတိုင်း မိမိတို့၏ ရိုးရာယဉ်ကျေးမှုကို တိုင်းတစ်ပါးသား ယဉ်ကျေးမှုများ လွှမ်းမိုးခြင်းမခံရလေအောင် ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ကြရမည့် တာဝန်သည် မြန်မာအမျိုးသမီးများ အပါအဝင် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်ဖြစ်ပါသည်။

ခေတ်မီခြင်းနှင့် ခေတ်ဆန်ခြင်းသည် မတူပါ။ ခေတ်နှင့်အညီ ရိုးရိုးနှင့် ယဉ်ယဉ် ဝတ်စားဆင်ယင်ခြင်းဖြင့် မြန်မာအမျိုးသမီးတိုင်း မြန်မာလိုလှစေချင်ကြောင်း ရေးသားရင်း မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။

မြန်မာဟူသမျှ ဂုဏ်ယူကြလော့

- မြန်မာ့သမိုင်းမှာ၊ အမြဲပါသည့် မြန်မာအမျိုးသမီး၊ အင်အားကြီးတစ်ရပ် မှတ်ကျောက်တင်ခံ၊ ဇာတိမာန်နှင့် ကိုယ်ခံစွမ်းအား၊ ကျောက်သားကျောက်စိုင် ကြံ့ခိုင်ကျစ်လျစ်၊ အင်အားဖြစ်သူ မြန်မာဟူသမျှ၊ ဂုဏ်ယူကြလော့...။
- ပုခက်လွှဲသောလက်၊ အမျိုးအတွက်ဆို မပျက်မကွက်၊ ရှေ့တန်းထွက်သူ မြန်မာဟူသမျှ၊ ဂုဏ်ယူကြလော့...။
- မြန်မာမိန်းကလေး၊ မြန်မာ့သွေးမို့ ယဉ်ကျေးသိမ်မွေ့၊ ဓလေ့မပျက် ခေတ်အဆက်ဆက်မှာ၊ စောင့်ထိန်းလာသည့် သိက္ခာပွန်းပဲ့၊ မခံခဲ့သူ မြန်မာဟူသမျှ၊ ဂုဏ်ယူကြလော့...။
- မြန်မာ့မျိုးရိုး၊ အညွန့်မကျိုးအောင် အမျိုးစောင့်တရား၊ ထိပါးမခံသူ မြန်မာဟူသမျှ၊ ဂုဏ်ယူကြလော့...။
- မြန်မာဟူသည်၊ ပထဝီအနေအထား အာရှသားမို့၊ မွေးဖွားချက်ကြွေ ဇာတိမြေမှာ၊ ပဝေသဏီရှေး နှစ်–သန်းလေးဆယ်၊ခန့်ထယ်(ထည်) ဂုဏ်ဆောင် ပုံတောင်ကျောက်ဖြစ်၊ ရုပ်ကြွင်းစစ်မှ ပျူခေတ်လူသား၊ မြန်မာများသည် ရှည်လျားနှစ်ပေါင်း၊ သမိုင်းကြောင်းအရ ဖြောင်းဖြောင်းရိုက်ခတ်၊ ဂုဏ်ဒြပ်ကို မတ်မတ်ခိုင်ခိုင်၊ နိုင်ငံချစ်သူ မြန်မာဟူသမျှ၊ ဂုဏ်ယူကြလော့...။ ။

[၂၀၀၆ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆို ဂုဏ်ပြုလျက်]

ဟသ်ာတမြင့်ငွေ

ဓမ္မာစရိယစာဝါ ပို့ချမည်

ရန်ကုန် ဇွန် ၂၉

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် သုခလမ်း ခေမာဝါသ သာသနာ့ရိပ်သာ၌ ဘဒ္ဒန္တ ဝိမလာ ဘိဝံသ(သကျသီဟ–အစိုးရဓမ္မာစရိယ) ဆရာတော်က ပါရာဇိကဏ္ဍ အဋ္ဌကထာ ကျမ်းစာဝါကို ဝါဆိုလပြည့်ကျော် ၂ရက် (ဇူလိုင် ၁၁ရက်၊ အင်္ဂါနေ့)မှစတင်၍ နေ့စဉ် မွန်းလွဲ၂နာရီမှ ညနေ ၃နာရီခွဲ အထိ ပို့ချမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

သံဃာအပါး ၁၀၀၀၊ သီလရှင်အပါး ၁၀၀ ဝါတွင်း အရဏ်ဆွမ်းလောင်းလှူမည်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ပန်းလှိုင်ရပ်ကွက် ရွှေလိပ်ပြာအိမ်ရာ သံဃာ့ဒါန ဆွမ်းလောင်းအသင်းသည် ဝါတွင်းသုံးလပတ်လုံး ဝါဆိုဝါကပ်တော်မူကြသော သံဃာတော် အပါး ၁၀၀၀နှင့် သာသနာ့နွယ်ဝင် သီလရှင် အပါး ၁၀၀ တို့ကို တနင်္လာနေ့တိုင်း အရဏ်ဆွမ်းလောင်းလှူခဲ့ရာ ယခုနှစ် (၁၈)ကြိမ်မြောက် ပထမဆွမ်းပတ်အဖြစ် ဇူလိုင် ၁၀ရက် (တနင်္လာ)နေ့တွင် ဆွမ်း၊ ဆွမ်းဟင်းများ၊ ဆွမ်းဆန်တော်များ စတင်လောင်းလှူမည်ဖြစ်သည်။

လှူဒါန်းလိုသော စေတနာရှင်များ အသင်းတည်ရှိရာ အမှတ်(၀၀၁) ရွှေလိပ်ပြာအိမ်ရာ ပန်းလှိုင်ရပ်ကွက် ဓမ္မာရုံ ကြည့်မြင်တိုင်မြို့နယ်သို့ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

သုညတဓမ္မကျောင်း ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်မြို့ သာကေတမြို့နယ် အနောက်(၇)ရပ်ကွက် မိုးကုတ်ဝိပဿနာ သုညတဓမ္မကျောင်း ဆရာတော် အရှင်စန္ဒသေနအား အမှူးထား၍ ဝါဆိုဝါကပ်တော်မူကြသော ကျောင်းရှိ သံဃာနှင့် ပင့်သံဃာတော် ၃၁ပါးတို့အား စုပေါင်း ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလဆန်း ၇ရက်၊ ဇူလိုင်၁ရက် (စနေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ သာသနာ့အကျိုးဆောင် ဦးကျော်သန်း ဖုန်း–၃၇၁၇၀၀၊ ဒုတိယဗိုလ်မှူးကြီးမြင့်ထွန်း ဖုန်း–၂၀၃၂၃၉၊ ဒေါ်ပို့ပို့ ဖုန်း–၅၄၈၆၈၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျိုက်ပိ–သိမ်ငူ လမ်းပေါ်ရှိ တံတားသစ် ဆောက်လုပ်ခြင်းလုပ်ငန်းကို ဇွန် ၂ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းလှိုင် ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်/စည်ပင်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ အလုံမြို့နယ် ဆင်မင်းရပ်ကွက် သိပ္ပံလမ်းနေ ဦးတင်ငွေ–ဒေါ်စီစီအေး၊ သား ကိုကိုရီ၊ သမီး မကြည်ဇာဝင်း၊ မြေး ဖိုးလပြည့် မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

ကျူးဘားနိုင်ငံသည် အင်အားအရာထက် တရားဥပဒေစိုးမိုးရေးကိုသာ အဓိကထားကြောင်း တရားဝင်ကြေညာကျင့်သုံး

အမေရိကန်နိုင်ငံ၏ သဘောထားကြီးဝါးချက်ကား "သင်သည် ကျွန်ုပ်တို့၏ ဘက်တော်သားမဟုတ်လျှင် ကျွန်ုပ်တို့ကို ဆန့်ကျင်သူဖြစ်သည်" ဟုဆို

ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံး၌ ကျင်းပသော လူ့အခွင့်အရေးကောင်စီ၏ ပထမအကြိမ် အဆင့်မြင့်ခေါင်းဆောင်များအစည်းအဝေးတွင် ကျူးဘားနိုင်ငံခြားရေးဝန်ကြီး မစ္စတာဖိလစ်ပိရပ်ရှန် မိန့်ခွန်းပြောကြား

ရန်ကုန် ဇွန် ၂၉

ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂရုံး၌ ဇွန် ၁၉ရက်မှ ၂၀ရက်အထိ လူ့အခွင့်အရေးကောင်စီ၏ ပထမအကြိမ် အဆင့်မြင့်ခေါင်းဆောင်များ အစည်းအဝေးကို ကျင်းပခဲ့သည်။

အဆိုပါအစည်းအဝေးတွင် ပြောကြားခဲ့သည့် ကျူးဘားနိုင်ငံ–နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဖိလစ်ပိရပ်ရှန်၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

တက်ရောက်လာကြသည့် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား–

ယနေ့သည် နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်ပါသည်။ ကျူးဘားနိုင်ငံသည် လူ့အခွင့်အရေးကောင်စီတည်ထောင်သည့် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အမေရိကန်နိုင်ငံမှာအဖွဲ့ဝင်နိုင်ငံမဟုတ်ပါ၊ ကျူးဘားနိုင်ငံသည် ကုလသမဂ္ဂ အထွေထွေညီလာခံ၏ သုံးပုံနှစ်ပုံကျော်ဖြစ်သော ၁၃၅နိုင်ငံ၏ တစ်ခဲနက်ထောက်ခံမှုနှင့်အတူရွေးကောက်ပွဲတွင် ရွေးချယ်ခံခဲ့ရပါသည်။ အမေရိကန်နိုင်ငံမှာမူ ဝင်ရောက်ယှဉ်ပြိုင်ရန်ပင် သတ္တိမရှိပါ၊ အမေရိကန်နိုင်ငံက ကြောက်ရွံ့သည့် လျှို့ဝှက်မဲစနစ်ကိုပင် ကျူးဘားနိုင်ငံက အားပြုယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါသည်။

ကျူးဘား၏ အောင်မြင်မှုသည် မှုနှင့်အမှန်တရား၏ အောင်မြင်မှုပြယုဂ်ပင်ဖြစ်ပါသည်။ ဤအချက်သည် ကျူးဘားနိုင်ငံ၏ စွမ်းဆောင်နိုင်ခြင်းတန်ဖိုးကို အသိအမှတ်ပြုမှု တစ်ရပ်ပင်ဖြစ်ပါသည်။ ဤကောင်စီတွင် အမေရိကန်နိုင်ငံ ပါဝင်နိုင်မှုမရှိခြင်းသည် အမှားကို အမှန်က အောင်နိုင်ခြင်းပင်ဖြစ်သည်။ အင်အားကြီးနိုင်ငံတစ်နိုင်ငံ၏ မောက်မာမှုကို မူဖြင့်ဒဏ်ခတ်ခြင်းဖြစ်ပါသည်။

ရွေးကောက်ပွဲရလဒ်အပေါ် သုံးသပ်ချက်အဖြေတစ်ရပ် ထုတ်နုတ်တင်ပြရန်လို အပ်နေပါသည်။ တစ်နိုင်ငံချင်းအလိုက် ထိုက်တန်သည့် အတိုင်းအတာအရ အဖြေရလဒ်များရရှိခဲ့သည်။ ကျူးဘားနိုင်ငံရရှိသော ဆုလဒ်မှာ အမေရိကန်နိုင်ငံ အပြစ်ပေးခံရခြင်းဆုလဒ်ပင်ဖြစ်ပါသည်။ နိုင်ငံတိုင်းတွင် သမိုင်းကြောင်းများကိုယ်စီရှိကြောင်း ရွေးကောက်ပွဲတွင် မဲပေးသည့်နိုင်ငံများက ကောင်းစွာသဘောပေါက်ကြသည်။

လူ့အသားအရောင်ခွဲခြားမှုပြုသည့် အစိုးရဆိုးကို အမေရိကန်နိုင်ငံက နျူကလီးယားလက်နက်အပါအဝင် လက်နက်အများအပြား ထောက်ပံ့မှုပေးခဲ့သည်။ ယင်းအစိုးရဆိုးကိုတော်လှန်တိုက်ခိုက်ခဲ့သည့် ကျူးဘားစစ်သည် ၂၀၀၀ ကျော်တို့၏ အာဇာနည် သွေးမြေကျခဲ့ရသည့်အဖြစ်ကိုလည်း အာဖရိကနိုင်ငံများက အမှတ်ရနေကြသည်မှာ ထင်ရှားပါသည်။

နိုင်ငံပေါင်း၇၀တွင် ကျူးဘားနိုင်ငံသားဆရာဝန် ၃၀၀၀၀ခန့်က လူအများ၏ ဝေဒနာကို သက်သာပျောက်ကင်းစေရန်နှင့် အသက်များကယ်တင်နေသည့် အချိန်တွင်အမေရိကန်နိုင်ငံကမူ ၎င်း၏ စစ်သည်ပေါင်း ၁၅၀၀၀၀ဖြင့် ဥပဒေအရ တရားမဝင်သည့် မတရားသောစစ်ပွဲကို နိုင်ငံငယ်တစ်ခုအပေါ်ဆင်နွှဲကာ ကျူးကျော်သိမ်းပိုက်၊လူအများကို သတ်ဖြတ်၊ သေကျေစေမှုပြုသည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ဤအခြေအနေမျိုးတွင် ကျူးဘားနိုင်ငံက ယခုရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်ပါသည်။

လက်တင်အမေရိကနှင့် ကာရစ်ဘီယန်ဒေသရှိ ၂၆နိုင်ငံတွင် မျက်စိဝေဒနာရှင် သုံးသိန်းကျော်သည် စက္ခုအလင်းရရှိကြသဖြင့် အခမဲ့ခွဲစိတ်ကုသပေးသော ကျူးဘားနိုင်ငံသား မျက်စိအထူးကုဆရာဝန်များကို အလွန်ကျေးဇူးတင်လျက်ရှိနေကြသည်။ အမေရိကန်နိုင်ငံကိုကြည့်ပါက ကမ္ဘာ့အင်အားအကြီးဆုံးနိုင်ငံ၏ သမ္မတသည် ၎င်း၏စီးပွားဘက် ကုမ္ပဏီတစ်စုကို အလွန်အကျိုးအမြတ်ရှိစေသည့် လုပ်ငန်းကန်ထရိုက်များ ခွဲဝေပေးနိုင်ရန်၊ အခြားနိုင်ငံတစ်နိုင်ငံ၏ ရေနံကို ခိုးယူနိုင်ရန်အတွက် လှည့်စားသောစစ်ပွဲတွင် ကျူးကျော်ခံရသည့်နိုင်ငံမှ ပြည်သူအပေါင်း ၁၀၀၀၀၀ခန့်ကို သတ်ဖြတ်ခဲ့သည့်အပြင် အမေရိကန်လူငယ် ၂၅၀၀ခန့်မှာလည်း အကျိုးမဲ့အသက်စတေးခဲ့ကြရသည်။ ဤသို့အခြေအနေမျိုးတွင် ကျူးဘားနိုင်ငံက ယခုရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါသည်။

တတိယကမ္ဘာနိုင်ငံ/ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၁၂၀မှ လူငယ်ပေါင်းနှစ်သောင်းငါးထောင်ကျော်တို့သည် ကျူးဘားနိုင်ငံရှိ တက္ကသိုလ်နှင့် ကောလိပ်များတွင် အခမဲ့ ပညာသင်ကြားခွင့်ရကြပါသည်။ ဤအခြေအနေမျိုးတွင် အမေရိကန်သည် ဂွမ်တာနာမို (Guantanamo) အကျဉ်းစခန်းအပေါ်သာ အာရုံစိုက်နေပြီး အကျဉ်းစခန်းအတွင်းရှိ အကျဉ်းသားများကို နှိပ်စက်ညှဉ်းပန်းနေကြပါသည်။ "အကျဉ်းသားသုံးဦး မိမိကိုယ်မိမိ သေကြောင်းကြံစည်ခဲ့ပါသည်" ဟူသည့် ထောင်ပိုင်များ၏ တရားဝင်ထုတ်ပြန်ချက်မှာ ဧကန်စင်စစ် ၎င်းတို့စိတ်ဖောက်ပြန်မှုကြောင့် သတ်သေခြင်းမျိုးမဖြစ်နိုင်ဘဲ စစ်ပွဲကာလအတွင်း သတ်ဖြတ်ခံရခြင်းမျိုးဖြစ်ရာ ယခုကဲ့သို့ကြေညာခြင်းသည် ဝါဒဖြန့်ချိခြင်းတစ်ရပ်သာဖြစ်နေပါသည်။ ဤအခြေအနေမျိုးတွင် ကျူးဘားနိုင်ငံက ယခုရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါသည်။

ကျူးဘားနိုင်ငံသည် မိမိနိုင်ငံသားဆေးဘက်ဆိုင်ရာ ဆရာဝန်များနှင့် ဆေးကုသရေးဆေးရုံငယ်များကို လေယာဉ်ပျံများဖြင့် သဘာဝဘေးအန္တရာယ်သို့မဟုတ် ကူးစက်ရောဂါ ပြန့်ပွားထိရောက်နေသော နေရာဒေသများသို့ တင်ဆောင် သွားရောက်ကုသကူညီပေးလျက်ရှိပါသည်။ ဤသို့အချိန်တွင် အမေရိကန်နိုင်ငံမှာမူ ဆေးကျွေး၍ လက်ထိပ်ခတ်ထားသောအကျဉ်းသားများကို အကျဉ်းထောင်တစ်ခုမှ အခြားအကျဉ်းထောင်သို့ လေယာဉ်ပျံဖြင့် လျှို့ဝှက်စွာ တင်ဆောင် ရွှေ့ပြောင်းနေလျက်ရှိပါသည်။ ဤအခြေအနေမျိုးတွင် ကျူးဘားနိုင်ငံက ယခုရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပါသည်။

ကျူးဘားနိုင်ငံသည် ပိုမိုကောင်းမွန်သည့် လူ့ဘောင်သစ်တစ်ရပ်ဖြစ်ပေါ်လာရေးအတွက် တောင်းဆိုတိုက်ပွဲဝင်နေပြီး ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ကာကွယ်လျက်ရှိပါသည်။ ကျူးဘားနိုင်ငံသည် အင်အားအရာထက် တရားဥပဒေစိုးမိုးရေးကိုသာ အဓိကထားကြောင်း တရားဝင်ကြေညာကျင့်သုံးလျက်ရှိပါသည်။ သို့သော် အမေရိကန်နိုင်ငံ၏ သဘောထားကြီးဝါးချက်ကား "သင်သည် ကျွန်ုပ်တို့၏ ဘက်တော်သားမဟုတ်လျှင် ကျွန်ုပ်တို့ကို ဆန့်ကျင်သူဖြစ်သည်။"ဟု ဆိုပါသည်။ ဤအခြေအနေမျိုးတွင် ကျူးဘားနိုင်ငံက ယခုရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ကျူးဘားနိုင်ငံသည် ၎င်း၏နှစ်စဉ်လက်နက်အသုံးစရိတ်အဖြစ် အမေရိကန်ဒေါ်လာသန်းပေါင်းများစွာ အသုံးပြုနေမှုကို ရပ်တန့်ဖယ်ရှားပြီး ငါးနှစ်အောက်ကလေးငယ်ပေါင်း ၁၁သန်း ရောဂါကြောင့် သေဆုံးခြင်းကို ကြိုတင်ကာကွယ်ပေးရန်နှင့် ဆင်းရဲနွမ်းပါးသော အမျိုးသမီးခြောက်သိန်းတို့ကို မီးဖွားစဉ်ကာလအတွင်း ပြုစုစောင့်ရှောက်ရန်အတွက် ဘဏ္ဍာငွေတိုးတက်အသုံးပြုရန်သတ်မှတ်ထားပါသည်။ ၎င်းအချိန်တွင် အမေရိကန်နိုင်ငံသည် ၎င်း၏အစီအမံများကို အခြားနိုင်ငံများလိုက်နာခြင်းမရှိပါက ၎င်း၏မထီမဲ့မြင်ဆိုလေ့ရှိသည့် လက်သုံးစကားဖြစ်သော "ကမ္ဘာတစ်ဝန်း၌ဥပဒေမဲ့အမှောင်ဖုံးလွှမ်းနေသော မည်သည့်နေရာကိုမဆို (၎င်းအားဆန့်ကျင်သည့်အစု/အဖွဲ့နေရာကို)ကြိုတင်၍ ဖယ်ရှားပိုင်ခွင့်နှင့် ဖုံးကွယ်ပိုင်ခွင့်ရှိသည်"ဟူသည့်ကြိုးဝါးမှုကို ရှေ့တန်းတင်လျက်ရှိနေပါသည်။ ယင်းစကားရပ်အရ နယ်သာလန်နိုင်ငံ၊ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံးတွင် အမေရိကန်စစ်သည်တစ်ဦးအား တရားစွဲဆိုစီရင်ချက်ချရန် ကြိုးပမ်းခြင်းမျိုးရှိလာပါက ဥပဒေအရအကျုံးဝင်နိုင်မည်ဖြစ်ပါသည်။ ဤအခြေအနေတွင် ကျူးဘားနိုင်ငံက ယခုရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ကျူးဘားနိုင်ငံက ပါလက်စတိုင်းလူမျိုးများ၏ အခွင့်အရေးကို ကာကွယ်မှုပြုနေချိန်တွင် အစ္စရေးတို့၏ ရာဇဝတ်မှုများနှင့် ရက်စက်ကြမ်းကြုတ်မှုများ၏ နောက်ကွယ်၌ အမေရိကန်နိုင်ငံက အဓိကမဏ္ဍိုင် အဖြစ် ကျောထောက်နောက်ခံပြုလျက်ရှိပါသည်။

ကက်ထရီနာအမည်ရှိ လေဆင်နှာမောင်းက ပြင်းထန်စွာတိုက်ခတ်ဖျက်ဆီးနေချိန်တွင် အမေရိကန် အစိုးရသည် ရာပေါင်းထောင်ပေါင်းများစွာသောလူများ (များသောအားဖြင့် လူမည်းများနှင့် ဆင်းရဲသားများ)ကို ပံ့ပိုးကူညီမှုအလျဉ်းမပြုဘဲ လျစ်လျူရှုပြုထားခဲ့သည့်အချိန်၌ ကျူးဘားနိုင်ငံက ကူညီလိုသဖြင့် ဆရာဝန်ဦးရေ ၁၁၀၀ ကို ချက်ချင်းစေလွှတ်ရန် ကမ်းလှမ်းခဲ့ပါသည်။ ယင်းကမ်းလှမ်းမှုသည် အသက်ပေါင်းများစွာကို ကယ်တင်၍ ဒုက္ခဝေဒနာသည်များကို ပြုစုကုသပေးနိုင်မည့် အနေအထားပင်ဖြစ်ပါသည်။

မိမိအနေဖြင့် ဤအကြောင်းတရားများကို မနက်ဖြန်မိုးလင်းသည့်တိုင်အောင် စာရင်းပြုစုကာ ဆက်လက်တင်ပြနိုင်ပါသေးသည်။ ထပ်လောင်း၍ပြောကြားလိုသည်မှာ ယနေ့ဤကောင်စီအဖွဲ့ဝင်တစ်ဦး အဖြစ် ကိုယ်စားလှယ်နေရာတစ်နေရာ မပိုင်ဆိုင်နိုင်ခြင်းမှာ အမေရိကန်နိုင်ငံ၏ လူထုမဟုတ်ဘဲ အမေရိကန်အစိုးရသာလျှင်ဖြစ်ပါသည်။ အမေရိကန်လူထုအတွက် ကျူးဘားနိုင်ငံ၏ကိုယ်စားလှယ်အနေဖြင့် ဤကောင်စီ၏အဖွဲ့ဝင်နေရာအပါအဝင် အခြားသောနေရာများတွင်လည်း ကိုယ်စားပြု ပါဝင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။ မိမိတို့ကိုယ်စားလှယ်အဖွဲ့သည် အမေရိကန်လူထု၏ အခွင့်အရေးများအတွက်လည်းကောင်း၊ အထူးသဖြင့် ခွဲခြားဆက်ဆံမှုပြုခြင်းအခံရဆုံးနှင့် ဖယ်ကြဉ်ခံထားရသည့် နိုင်ငံသားတို့အတွက် ဖွင့်ဟပြောဆိုပေးမည်ဖြစ်ပါသည်။

ကျူးဘားနိုင်ငံရွေးကောက်ခံရမှုကို ပိတ်ပင်တားဆီးရန် ဖိအားပေးမှုများနှင့် ရွံရှာဖွယ် ကောက်ကျစ်စဉ်းလဲသော ဖွတ်တရွတ် အစီအမံများကို အမေရိကန်နိုင်ငံက ဆောင်ရွက်ရာ၌ ၎င်းနှင့်အတူ အခြားအဖော်များလည်း ရှိသေးသည်။ ၎င်း၏လက်တစ်ဆုပ်စာ မဟာမိတ်နိုင်ငံများက အမေရိကန်နိုင်ငံနှင့်အတူ ခရီးတစ်ဆုံးထိ လိုက်ပါကြသည်။ ထုံးစံအတိုင်းပင် ၎င်း၏ အပေါင်းအသင်းများမှာ "မတရားမှုနှင့် ဖယ်ကြဉ်ရေးဝါဒ" ကမ္ဘာ့လမ်းစဉ်ကြောင့် အကျိုးအမြတ်များစွာ ရရှိခဲ့ကြသော်လည်း (များသောအားဖြင့်) ၎င်းတို့၏ တစ်ချိန်က ကိုလိုနီလက်အောက်ခံနိုင်ငံများထံသို့ တင်ရှိထားသော ရာဇဝင်ကြွေးကျေအောင် ပြန်လည်မပေးဆပ်ကြသေးသည့် နယ်ချဲ့ကိုလိုနီနိုင်ငံဟောင်းများပင်ဖြစ်သည်။

ဘရပ်ဆဲလ်မြို့၌ ညှိနှိုင်းခဲ့သည့် လျှို့ဝှက်သဘောတူညီချက်အရ ဥရောပသမဂ္ဂအနေဖြင့် ကျူးဘားနိုင်ငံကို ထောက်ခံမဲပေးခြင်းမပြုရန်၊ ပါဝင်ယှဉ်ပြိုင်မည့် ကျူးဘားကိုယ်စားလှယ်လောင်းကို ဆန့်ကျင်ရန်၊ အမေရိကန်နိုင်ငံနှင့် နီးကပ်စွာပေါင်းစည်း ဆောင်ရွက်ရန်ဟူသည့် အသေးစိတ်အကြံအစည် အချက်အလက်များကို ကျူးဘားနိုင်ငံအနေဖြင့် ကောင်းစွာကြိုတင်သိရှိသဘောပေါက်ထားခဲ့ပါသည်။ သည့်တိုင်အောင် ၎င်းတို့အကြီးအကျယ် ရှုံးနိမ့်ခဲ့ကြပါသည်။ ကောင်စီရွေးကောက်ပွဲအဖြေအရ ကျူးဘားနိုင်ငံသည် အီးယူနှင့် ၎င်း၏ မရှိမဖြစ် မဟာမိတ်နိုင်ငံ၏ ထောက်ခံမှုမပါရှိဘဲ အရွေးချယ်ခံခဲ့ရသည်။ ဥရောပသမဂ္ဂ၏ မဟာမိတ်နိုင်ငံ (ဝါ) အမေရိကန်နိုင်ငံသည် ဥရောပသမဂ္ဂ၏ အခွင့်အရေးများနှင့် ချမ်းသာကြွယ်ဝမှုများကိုအာမခံချက်ပေးရန်၊ ဥရောပသမဂ္ဂအတွက် ရဲသားတစ်ဦးအသွင် ရပ်တည်ပေးနေ သော်လည်း စင်စစ်တွင် ယခုကောင်စီရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်အရွေးချယ်ခံရန်ပင် သတ္တိမရှိခဲ့ပါ။

ယခုအချိန်တွင် ဤကုလသမဂ္ဂ အဆောက်အအုံခန်းမများနှင့် စင်္ကြံများက "သစ်လွင်သော နိဒါန်းအစ"ဟုလည်းကောင်း၊ "သန့်ရှင်းသစ်လွင်သော အတွေးအခေါ် အယူအဆသစ်များကို ကောင်စီသစ်အတွင်းသို့ ယူဆောင်လာရမည်" ဟူ၍လည်းကောင်းကျူးရင့်နေကြပါသည်။ ယခင်လူ့အခွင့်အရေး ကော်မရှင် ကျဆုံးခဲ့ရခြင်းသည် နိုင်ငံများအကြား အဆင့်အတန်းခွဲခြားမှုပြုခြင်း၊ နိုင်ငံကြီးများက ပြိုင်ဘက်ကင်း ကြီးမြတ်သယောင်ပြုခြင်း၊ နောက်ကွယ်မှ ကြိုးကိုင်လှုပ်ရှားခြင်းများကို ကျင့်သုံးဆောင်ရွက်ခဲ့မှုများကြောင့် ဖြစ်ခဲ့ရကြောင်း ထင်ရှားပါသည်။ ဤနေရာတွင် အဓိကပြောဆိုလိုသည်မှာ ယခင်ဖြစ်ပွားခဲ့သော အခြေအနေများကဲ့သို့ ပြဿနာတစ်ရပ်အပေါ် အချိုပေါ်သကာဖုံးသည့် စကားလုံးများဖြင့် ဖြေရှင်းသည့်အတုအယောင် လုပ်ရပ်များကို ပစ်ပယ်ရုံသက်သက်ဖြင့် အနာဂတ်ဘဝသစ်တစ်ခုကို တည်ဆောက်၍မရနိုင်ပါ။ ကျွန်ုပ်တို့အားလုံး အမှန်လိုအပ်သည်မှာ စကားလုံးများသာမဟုတ်ဘဲ မှန်ကန်သောလုပ်ရပ်သာဖြစ်ပါသည်။

ဥရောပသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူ ပြောကြားသွားသည့် မိန့်ခွန်းသည် အမှန်တရားများဖြစ်ပါက မိမိတို့အခြေအနေမှာ "မည်သူမပြုမိမိမှု"သာ ဖြစ်နေပါမည်။ ဤသို့ဆိုလျှင် မိမိတို့ဘဝမှာ ၎င်းတို့အလိုကျ ကြိုးဆွဲပုံသွင်းပေးမှုကို စောင့်နေရတော့မည့် ဘဝမျိုးသာဖြစ်ပါလိမ့်မည်။ မိမိတို့ကံကြမ္မာကို မိမိတို့ဖန်တီးနိုင်တော့မည်မဟုတ်ပါ။ ဥရောပသမဂ္ဂသည် အမေရိကန်နှင့်ပူးပေါင်း၍ ကျူးဘားကိုရွေးကောက်ပွဲတွင် အနိုင်ရရှိခြင်းကို တားဆီးပိတ်ပင်မှု မဆောင်ရွက်နိုင်ခဲ့ပါ။ ၎င်းတို့သည် သမာသမတ်မျှတ၍ လွတ်လပ်သော မူဝါဒနှင့်အညီ ကျူးဘားနိုင်ငံအပေါ်မည်သည့်အခါကမျှ ဆက်သွယ်မှု ပြုခဲ့ဖူးခြင်းမရှိသည်မှာလည်း ပြောစရာအကြောင်းမဟုတ်တော့ပါ။

အရှက်ကင်းမဲ့ပြီး၊ ပြောင်ပြောင်တင်းတင်း၊ စနစ်တကျ လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်သော ဂွမ်တာနာမို ရေတပ်စခန်းဖြစ်ရပ်ကို ပြီးခဲ့သောနှစ်က စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် လူ့အခွင့်အရေးကော်မရှင်၏ ဆုံးဖြတ်ချက်အပေါ် ဥရောပသမဂ္ဂအနေဖြင့် ၎င်းတို့အလိုအတိုင်း ပိတ်ပင်ဟန့်တားခဲ့ပါသည်။ ဥရောပသမဂ္ဂအနေဖြင့် ၎င်းတို့၏ စိတ်ရင်းသဘောထားအရ ပြုပြင်ပြောင်းလဲလာမည့်အရေးကို မိမိတို့ စောင့်ဆိုင်းနေရဆဲ ဖြစ်ပါသည်။

ရာပေါင်းများစွာသော လျှို့ဝှက်စီအိုင်အေ လေယာဉ်များဖြင့် လူများစွာကို ပြန်ပေးဆွဲပြီး ဥရောပမြေမှာ တည်ဆောက်ခွင့်ပြုထားသည့် လျှို့ဝှက်အကျဉ်းထောင်များ၌ အကျဉ်းသားများကို ညှဉ်းပန်းနှိပ်စက်မှု ပြုခြင်းတွင် ဥရောပသမဂ္ဂက တိတ်ဆိတ်စွာ ပါဝင်ပတ်သက်ခဲ့ခြင်းသာလျှင် ၎င်းတို့၏ ညှိနှိုင်းဆောင်ရွက်မှုဖြစ်ပေသည်။ ယခုအချိန်အထိ ဥရောပသမဂ္ဂသည် အဆိုပါအဖြစ်အပျက်များအပေါ် ရှင်းလင်းချက်ပေးရေးနှင့် စုံစမ်းစစ်ဆေးမှုများပြုလုပ်နေခြင်းကို မရိုးမသား ဝင်ရောက်နှောင့်ယှက်ခဲ့သည်။

အခြားသော ဘာသာများနှင့် ရိုးရာဓလေ့များကို လေးစားတတ်ခြင်းမရှိသော၊ စိတ်ပျက်ဖွယ်ကောင်းသည့် ပြယုဂ်တစ်ခုဖြစ်နေသော ဥရောပသမဂ္ဂတွင် စံနမူနာပြုထိုက်သော၊ လေးစားထိုက်သော အစွမ်းသတ္တိလုံလောက်စွာမရှိပါ။

အမေရိကန်နိုင်ငံနှင့် စပ်လျဉ်း၍ မဟာမိတ်ပြုဘက်လိုက်သည့် ဥရောပသမဂ္ဂသည် ယခင်လူ့အခွင့်အရေး ကော်မရှင်ကို ကမ္ဘာ့တောင်ခြမ်း/တတိယကမ္ဘာ့နိုင်ငံများအတွက် ရည်ရွယ်ဖွဲ့စည်းထားသည့် စစ်ဆေးရေးခုံရုံးအဖြစ်သို့ အသွင်ပြောင်းလဲခဲ့သည်။ မိမိတို့အနေဖြင့် ယခုအခါ ဤကဲ့သို့ ထပ်မံမဖြစ်ပွားရန် မျှော်လင့်ပါသည်။

နှစ်ပေါင်းများစွာကြိုးပမ်းမှု၊ စွန့်လွှတ်မှုများဖြင့် လွတ်လပ်ရေးရခဲ့သည့် ယခင် ကိုလိုနီလက်အောက်ခံနိုင်ငံပေါင်း ၁၀၀ နီးပါးအပေါ်တွင် ဥရောပသမဂ္ဂသည် ၎င်းတို့တင်ရှိနေခဲ့သည့် ရာဇဝင်ကြွေးကို အသိအမှတ်ပင်မပြုသေးပါ။ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀–၇၀ ခန့်က အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းကို ချမှတ်ခဲ့ရာ ယင်းစာတမ်းတွင် "လူသားအားလုံးသည် လွတ်လပ်စွာမွေးဖွားကြပြီး လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးများ တန်းတူရည်တူရှိကြသည်"ဟူသည့် စာပိုဒ်သည် လက်ရှိအခြေအနေနှင့် တစ်မူထူးခြားစွာ ဆန့်ကျင်ဖော်ပြရာရောက်နေကြောင်း တွေ့ရပါသည်။

တက်ရောက်လာကြသည့် ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား–

ချမ်းသာကြွယ်ဝသူနှင့် အခွင့်ထူးခံ လူတန်းစားတို့အတွက်သာမက ဤမြေကမ္ဘာပေါ်တွင်နေထိုင်ကြကုန်သော လူသားအပေါင်းတို့အတွက် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရေးနှင့် မြှင့်တင်ရေးအတွက် ဓမ္မဓိဋ္ဌာန်ကျသည့် စနစ်တစ်ရပ် အမှန်တကယ်ပေါ်ပေါက်လာရန် ဤအစည်းအဝေးက ကဏ္ဍသစ်တစ်ရပ်ဖြင့် ဖော်ဆောင်ပေးနိုင်မည့် အနေအထားတွင်ရှိပါသည်။ ဤသို့ပြောင်းလဲဖြစ်ပေါ်လာရန် အဓိကကျသည့် လိုအပ်ချက်မှာ ယခင် လူ့အခွင့်အရေးကော်မရှင် ရှုံးနိမ့်သွားခဲ့ရသည့် အတွေးအမြင်ဟောင်းများနှင့် နည်းနိဿယဟောင်းများကို ပြောင်းလဲဖယ်ရှားမည့် စစ်မှန်သော အတွေးအခေါ်သစ်တစ်ရပ် လိုအပ်ခြင်းပင်ဖြစ်ပါသည်။

ထိုသို့ထူးခြား၍ သမိုင်းဝင်မည့် ခြေလှမ်းတစ်ရပ်ကို အမေရိကန်နိုင်ငံ၏ မဟာမိတ်များဖြစ်သော ဖွံ့ဖြိုးပြီးနိုင်ငံများက ဧကန်လိုလားစွာဖြင့် လျှောက်လှမ်းလိမ့်မည်ဟု ကျူးဘားနိုင်ငံက ဆန္ဒတသသဖြင့် မျှော်လင့်မထားပါ။ သို့သော်လည်း သံသယအကျိုးကို ၎င်းတို့အား ခံစားခွင့်ပေးရဦးမည်ဖြစ်၍ ၎င်းတို့၏ လုပ်ဆောင်နိုင်မည့် အလားအလာကို စောင့်ကြည့်ရဦးမည်ဖြစ်ပါသည်။

ကြေညာခဲ့သည့်အတိုင်း ကတိတည်ရန် အတူတကွ ဆောင်ရွက်လုပ်ကိုင်ကြမည်ဆိုပါက ကျူးဘားနိုင်ငံကို **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

(30-6)07.P65 1 1/1/32, 2:41 AM

☆ စာမျက်နှာ ၇မှ

အားထားမှုပြုနိုင်ပါသည်။ လူ့အခွင့်အရေး ကောင်စီသည် သမိုင်းတကျော့ပြန်လည်ပြီး စစ်တလင်းအသွင် ထပ်မံဖြစ်ပေါ်လာမည်ဆိုပါက ယခုအချိန်မှစ၍ တတိယကမ္ဘာနိုင်ငံများ၏ အယူအဆများကို ထင်ဟပ်ဆက်သွယ်ပေးမည့် သူရဲကောင်းတစ်ဦးအလား ကျူးဘားနိုင်ငံအပေါ် အားထားမှုပြုနိုင်ပါကြောင်း ပြောကြားလိုပါသည်။

လူ့အခွင့်အရေးကောင်စီကို ကမ္ဘာ့မြောက်ခြမ်းနိုင်ငံများအပေါ် ကင်းလွတ်ခွင့်များပေး၍ ဖွံ့ဖြိုးမှုနိမ့်ကျသော ကမ္ဘာ့တောင်ခြမ်း/တတိယနိုင်ငံများအပေါ် စီရင်ချက်ချမည့် အထူးခုံရုံးအဖြစ်သို့ အသွင်ကူးပြောင်းမည်ဆိုပါကကျူးဘားနိုင်ငံကို အားထားမှုပြု၍ရမည်မဟုတ်ပါ။ သဘောထားမတူညီသည့်နိုင်ငံများ (သို့မဟုတ်) ဦးမညွတ်သည့်နိုင်ငံများအပေါ် နိုင်ငံရေးအသွင်ဖန်တီးပြီး ခွဲခြားဆက်ဆံရေးပုံစံကို ဆက်လက်ကျင့်သုံးကာ နိုင်ငံအလိုက်ဆုံးဖြတ်ချက်များချမှတ်၍ ပြစ်ဒဏ်ပေးခြင်းများ ပြုလုပ်မည်ဆိုပါကလည်း ကျူးဘားနိုင်ငံကို အားထားမှုပြု၍ ရမည်မဟုတ်ပါ။

အသစ်ဖြစ်ပေါ်လာမည့် ဤအပြည်ပြည်ဆိုင်ရာ ပုံမှန်သုံးသပ်ရေးယန္တရားကို မီဒီယာထိုးနှက်မှု ဖိအားပေးကိရိယာသစ်အဖြစ် အသုံးချမည်ဆိုပါကလည်း ကျူးဘားနိုင်ငံကို အားထားမှုပြု၍ ရမည်မဟုတ်ပါ။

ကြီးမြတ်ယောင် ဟန်ဆောင်မှုများနှင့် မုသာဝါဒများကို အကာအကွယ်ပေးရန်အတွက် ကျူးဘားနိုင်ငံကို အားထားမှုပြု၍ ရမည်မဟုတ်ပါ။

အမှန်တရားနှင့် ရိုးသားပွင့်လင်းမှုအတွက် တိုက်ပွဲဝင်ရန်၊ လွတ်လပ်ခွင့်ကို ကာကွယ်စောင့်ရှောက်ရန်၊ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိရန်၊ လူမှုရေးရာတရားမျှတမှုရှိရန်၊ ညီညွတ်မှုတို့အတွက် တိုက်ပွဲဝင်ရန် ကျူးဘားနိုင်ငံကို အားထားမှုပြုနိုင်ပါသည်။ စားနပ်ရိက္ခာဖူလုံပိုင်ခွင့်၊ ပညာသင်ကြားပိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ လူ့ဂုဏ်သိက္ခာလေးစားခွင့်၊ ဂုဏ်သိက္ခာရှိသော လူမှုဘဝ ဖန်တီးပိုင်ခွင့်တို့အတွက် ကျူးဘားနိုင်ငံသည် အခြားနိုင်ငံများနှင့်အတူ လက်တွဲကာကွယ် တည်ဆောက်သွားမည်ဖြစ်ပါသည်။

စစ်မှန်သော ဒီမိုကရေစီအရေး၊ စစ်မှန်သော ပူးပေါင်းပါဝင်မှုနှင့် လူသားအားလုံးတို့၏ စစ်မှန်သော ပျော်ရွှင်ချမ်းမြေ့မှုတို့ကို ကာကွယ်မှုပြုရာတွင် ကျူးဘားနိုင်ငံကိုလည်း အားထားမှုပြုနိုင်ပါသည်။

မည်သည့်တမန်၊ မည်သည့်ကိုယ်စားလှယ်(သို့မဟုတ်) အစီရင်ခံစာတင်သွင်းသူတို့၏ လွဲမှားသော တာဝန်ကို ကူညီပံ့ပိုးမှုပြုရန် ကျူးဘားနိုင်ငံအပေါ် အင်အားသုံး၍လည်းကောင်း၊ အကျပ်ကိုင်၍ လည်းကောင်း၊ ပူးပေါင်းဆောင်ရွက်မှုရယူရန် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ လူ့အခွင့်အရေးကောင်စီနှင့် ခွဲခြားဆက်ဆံမှုမရှိသော ဆက်စပ်ယန္တရားများတွင် တန်းတူရည်တူဆက်ဆံခြင်းဖြင့်သာ ကျူးဘား၏ ပူးပေါင်းဆောင်ရွက်မှုကို ရယူအားထားနိုင်မည်ဖြစ်ပါသည်။

မိမိတို့ အနှစ်(၄၀)ကြာ ရင်ဆိုင်ခံစားခဲ့ရသော အကြင်နာတရားကင်းမဲ့သည့် စီးပွားရေးပိတ်ဆို့မှုမျိုးနှင့်ပတ်သက်၍ နှုတ်ပိတ်ဆွံ့အ နေမည်မဟုတ်ပါ။ တရားမျှတမှုမရှိ၊ ဥပဒေကင်းမဲ့စွာဖြင့် အမေရိကန်နိုင်ငံရှိ အကျဉ်းထောင်များတွင် လက်ရှိ ထောင်သွင်းအကျဉ်းကျခံနေရသော အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးသမား ကျူးဘားလူငယ် ငါးဦးကို အမိမြေသို့ ပြန်လာခွင့်ရရှိရေး တောင်းဆိုရာ၌ ဆွံ့အနေမည်မဟုတ်ပါ။

ယုံကြည်ချက်မူဝါဒတစ်ရပ်အား စွန့်လွှတ်စေရန်အတွက် ဖိအားပေးခြင်းဖြင့် ကျူးဘား၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိနိုင်လိမ့်မည်မဟုတ်ပါ။ လူသားအားလုံးအတွက် ပိုမိုကောင်းမွန်သော ကမ္ဘာကြီးတည်ဆောက်ရန် မြင့်မြတ်သည့် အယူအဆကို လက်ကိုင်ထားရာ၌ ကျူးဘားနိုင်ငံအား အားထားနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အားဖြင့် ကျူးဘားနိုင်ငံကို လူ့အခွင့်အရေးကောင်စီ အဖွဲ့ဝင်တစ်နိုင်ငံအဖြစ် အရွေးချယ်ခံရရေးအတွက် ကျွန်ုပ်တို့၏ တတိယကမ္ဘာနိုင်ငံများမှ ညီအစ်ကိုမောင်နှမများက တစိုက်မတ်မတ် ထောက်ခံအားပေးမှုပြုခဲ့ ခြင်းအတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း ကျူးဘားနိုင်ငံသားများ၏ကိုယ်စား ပြောကြားလိုပါသည်။ ကျူးဘားနိုင်ငံသားများသည်လည်း အမိနိုင်ငံတွင် "တော်လှန်ရေး"ကို ဆန္ဒပြင်းပြ၊ တည်ဆောက်၊ ကာကွယ်မှုပြုသူများဖြစ်ကြပါသည်။

ကျူးဘားနိုင်ငံသားများအနေဖြင့် မိမိတို့အား ယုံကြည်စိတ်ချကိုးစားမှုကို မည်သည့်အခါမျှ မျက်နှာလွှဲသစ္စာဖောက်ဖျက်လိမ့်မည်မဟုတ်ပါကြောင်း ကျွန်ုပ်အနေဖြင့် ဤနေရာမှ ထပ်လောင်းပြောကြားလိုပါသည်။

တတိယကမ္ဘာနိုင်ငံများအားလုံး၏ အခွင့်အရေးကြိုးပမ်းမှုများပင်ဖြစ်သော၊ ကျူးဘားနိုင်ငံ၏ အခွင့်အရေးကြိုးပမ်းမှုကို ထောက်ခံအားပေးခဲ့သော နိုင်ငံများနှင့် ပထမကမ္ဘာနိုင်ငံများမှ တိုးတက်သော ဒီမိုကရက်တစ်အင်အားစုများသို့ပြောကြားလိုသည့် အချက်တစ်ချက်မှာ "အောင်ပွဲထိတိုင် ချီတက်" ဟူ၍ဖြစ်ပါသည်။

ကျူးဘားနိုင်ငံအား တိုက်ခိုက်သည့်နိုင်ငံများနှင့် ယင်းတို့၏ အပေါင်းအပါများသို့ ပြောကြားလိုသည့် အချက်တစ်ချက်မှာ "အမိမြေအတွက် သေသည်အထိ"ဟူ၍ပင် ဖြစ်သည်။

"ကျွန်ုပ်တို့အောင်ရမည်" (သတင်းစဉ်)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံကျင်းပမည်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ် ညီလာခံကို ဇူလိုင် ၁ရက်နှင့် ၂ရက်များတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ညီလာခံ ကိုယ်စားလှယ်များသည် ကျိုက္ကဆံကွင်းအတွင်းရှိ စီမံခန့်ခွဲရေးကော်မတီရုံးတွင် ကိုယ်စားလှယ်စိစစ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးခင်ဆွေ (ရွှေစွန်ညို)နှင့် စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူးဦးအောင်သိန်းဝင်း(မောင်ခိုင်ခန့်)တို့ထံ ဇွန် ၃၀ရက်အရောက် လာရောက်သတင်းပို့ကြရန်နှင့် ဇွန် ၃၀ရက် ည ၇နာရီတွင် ညီလာခံအကြို ညှိနှိုင်းအစည်းအဝေးကို ပြည်ထောင်စုခန်းမ၌ ကျင်းပမည်ဖြစ်ရာ ညီလာခံကိုယ်စားလှယ်များသည် အချိန်မီတက်ရောက်ကြရန် နှိုးဆော်ထားသည်။ (သတင်းစဉ်)

ကာကွယ်ဆေးများထုတ်လုပ်ရာ၌ စနစ်တကျသုတေသနပြုလျာထားချက်တာဝန်များ ပြည့်ဝကျော်လွန်ရန် စီမံထုတ်လုပ် ဝန်ကြီး ဦးအောင်သောင်း ဆေးဝါးစက်ရုံကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံသို့ရောက်ရှိပြီး စက်ရုံရှင်းလင်းဆောင်၌ စက်ရုံမှူးနှင့် တာဝန်ရှိသူများအား တွေ့ဆုံသည်။

ရှေးဦးစွာ စက်ရုံမှူး ဦးဇော်ဟိန်းက စက်ရုံ၏စက်စွမ်းအား သတ်မှတ်ချက်နှင့် အညီ ဆေးပြား၊ ဆေးတောင့်

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း မြန်မာနိုင်ငံ ဆေးဝါးလုပ်ငန်းစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ထုတ်လုပ်မှု၊ ဆေးရည်၊ လိမ်းဆေး၊ ဆေးမှုန့်နှင့် ထိုးဆေးများထုတ်လုပ်မှု၊ ကာကွယ်ကုသဆေးများ ထုတ်လုပ်မှု၊ ကုန်ကြမ်းလိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဗီတာမင်နှင့် ဆီအမျိုးမျိုး၊ ဂလူးကို့စ်နှင့် သကြား၊ ပဋိဇီဝဆေး၊ ဟိုမုန်းစသည်များ၊ စက်ရုံကို အကြီးစားပြုပြင်သွားမည့် အစီအမံများ စသည်တို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ရည်မှန်းချက်တာဝန်များ ကျေပွန်ရန် အခြေခံလိုအပ်ချက်များ အမြန်ဖြည့်ဆည်းသွားရေး၊ အကြီးစားပြုပြင်မည့် စက်ရုံကိစ္စနှင့်စပ်လျဉ်း၍ ထုတ်လုပ်မှုလုပ်ငန်းများကို ထိခိုက်မှုမရှိစေရန် ကဏ္ဍတစ်ခုချင်းအလိုက် ဆောင်ရွက်သွားရေး၊ လုပ်ငန်းများဆောင်ရွက်ရာ၌ အဓိကနှင့်သာမည ခွဲခြားသုံးသပ်ဆောင်ရွက်သွားရေး၊ပြည်တွင်းပြည်ပကုန်ကြမ်းများ၏ လိုအပ်ချက်များကို မပြတ်ဖြည့်ဆည်းသွားရေး၊ ကာကွယ်ကုသ ဆေးများထုတ်လုပ်ရာ၌ စနစ်တကျ သုတေသနပြုလုပ်၍ လျာထားချက်တာဝန်များ ပြည့်ဝကျော်လွန်ရန် အစီအမံထားထုတ်လုပ်သွားရေး စသည်ဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ ပြသထားသည့် ဒေါင်းမြီးသစ်ခွ (Dendrobium Nobile) အပင်ကို ကြည့်ရှုရာ တာဝန်ရှိသူက ယင်းသစ်ခွပင်သည် ဆေးဘက်ဝင်သစ်ခွပင်ဖြစ်ပြီး အရိုးပွရောဂါ၊ အရေပြားရောဂါ၊အဆုတ်နှင့် အစာအိမ်ရောဂါ၊ ကင်ဆာရောဂါများ ကာကွယ်ရန် အသုံးပြုသော အပင်ဖြစ်ကြောင်း ရှင်းလင်းတင်ပြရာ ဝန်ကြီးက ရာသီဥတုနှင့် ကိုက်ညီမည့် နေရာဒေသများ၌ ဒေါင်းမြီးသစ်ခွပင်များကို တစ်အုပ်တစ်မ စိုက်ပျိုးသွားရေး မှာကြားပြီး သုတေသနပြုထုတ်လုပ်ထားသော သန့်ချဆေးများ၊ နှလုံးရောဂါကုသဆေးများ၊ ဗီတာမင်ဘီအုပ်စုနှင့် စီအုပ်စုများပါဝင်သည့် ဆေးဝါးများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် စက်ရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ Prenatal ဆေးနှင့် Chloram Phenicol ဆေးထုတ်လုပ်မှုလုပ်ငန်းများကို လည်းကောင်း၊ ဆေးဖြည့်တင်း ထုပ်ပိုးဌာနရှိ Cevit Tablet ဆေးပြားများ ထုတ်လုပ်မှုလုပ်ငန်း များကို လည်းကောင်း၊ C.R.S. Production Unit ရှိ ဓာတ်ဆားထုတ်လုပ်မှုလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ထိုးဆေးဌာနသို့ ရောက်ရှိပြီး Hydroxcobal Amin အင်ဂျက်ရှင်ထုတ်လုပ်ဖြည့်တင်းမှု၊ ဗီတာမင် B_{12} ထုတ်လုပ်မှု၊ မိုးရေထုတ်လုပ်မှုလုပ်ငန်းများနှင့် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ ဝန်ကြီးက နိုင်ငံတကာကျင့်သုံးနေသော စနစ်စံနှုန်းများနှင့်အညီ တိကျစွာ ဆောင်ရွက်သွားရေးမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အထူးဆေးဝါးထုတ်လုပ်ရေးစက်ရုံ အမှတ်(၁)စီမံကိန်းသို့ ရောက်ရှိပြီး အာတီမီးစီးယားအရွက်မှ Dihydroartemisinin ဆေးမှုန့်နှင့် ဆေးပြားထုတ်လုပ်ခြင်း ဌာနသို့ ရောက်ရှိသည်။

ထို့နောက် ဝန်ကြီးသည် အာတီမီးစီးယားအရွက်နှင့် ထုတ်လုပ်ပြီး အစွမ်းထက်သော ငှက်ဖျားရောဂါကုသဆေးများကို လည်းကောင်း၊ ထုတ်လုပ်မှု နည်းစဉ်အဆင့်ဆင့်ကို လည်းကောင်း၊ စက်များ တပ်ဆင်ပြီးစီးမှုနှင့် စက်စမ်းသပ် ထုတ်လုပ်မှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

မြန်မာဆေးဝါးပညာရှင်များအနေဖြင့် အစွမ်းထက်သော ငှက်ဖျားရောဂါကုသဆေးကို အာတီမီးစီးယားအရွက်(Artemisia)မှ ဆေးမှုန့်ထုတ်ယူသောနည်းစဉ်ဖြင့် အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီဖြစ်သည်။ အထူးဆေးဝါး ထုတ်လုပ်ရေးစက်ရုံစီမံကိန်းကို ၂၀၀၂-၂၀၀၃ခု ဘဏ္ဍာနှစ်မှ စတင်၍ မြန်မာဆေးဝါးပညာရှင်များဖြင့် ထုတ်လုပ်မှုနည်းစဉ်ကိုတွေ့ရှိစမ်းသပ်ခဲ့ရာ၂၀၀၄- ၂၀၀၅ခု ဘဏ္ဍာနှစ်၌ အစွမ်းထက်သော ငှက်ဖျားရောဂါကုသဆေးကို ဖြန့်ဝေနိုင်သောအဆင့်အထိ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်း သိရှိရသည်။

ထိုမှတစ်ဆင့်ဝန်ကြီးသည် အာတီမီးစီးယား အရွက်ခြောက်မှ အဆီအနှစ်ထုတ်ယူပြီး အာနိသင်ရှိဒြပ်ပေါင်းကို သန့်စင်ထုတ်ယူသည့် ဌာန(Purification Unit) သို့ ရောက်ရှိပြီး အာတီမီးစီးယားအရွက်မှ ထွက်ရှိလာသော ဖယောင်းများကိုလည်းကောင်း၊ ထုတ်လုပ်ပြီး အာနိသင်ရှိ ငှက်ဖျားဆေးများကို လည်းကောင်း၊ လေဟာနယ်အခြောက်ခံစက်ကို လည်းကောင်း၊ ထုတ်လုပ်ပြီး ငှက်ဖျားဆေးမှုန့်များကို အအေးခန်း၌ သိုလှောင်ထားမှုများကို လည်းကောင်း၊ Reflux Unit စက်ဖြင့်သန့်စင်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် အထူးဆေးဝါးထုတ်လုပ်ရေးစက်ရုံ အမှတ်(၂) စီမံကိန်း၊ စင်ကိုနာအခေါက်မှ ကွီနင်းဆာလဖိတ်ဆေးမှုန့်နှင့်ဆေးပြားထုတ်လုပ်ရေးဌာနသို့ ရောက်ရှိသည်။

ရှေးဦးစွာ ဝန်ကြီးသည် စင်ကိုနာအခေါက်များနှင့် ယင်းအခေါက်မှ ထုတ်လုပ်ထားသော ငှက်ဖျား ရောဂါကုသဆေးများကို ကြည့်ရှုစစ်ဆေးသည်။

ယခင်ကငှက်ဖျားရောဂါကာကွယ်ကုသဆေးကွီနင်းဆာလ်ဖိတ်ပေါင်ဒါအမှုန့်ကို ပြည်ပမှ မှာယူတင်သွင်း၍ ဆေးပြားပြန်ရိုက်ကာ ထုတ်လုပ်ခဲ့ရပြီး ယခုအခါ သံတောင်ကြီးဒေသ၌လည်းကောင်း၊မကွေးတိုင်းနတ်ရေကန်၌ လည်းကောင်း၊ စင်ကိုနာပင်များကို တစ်အုပ်တစ်မ စိုက်ပျိုး၍ အောင်မြင် ဖြစ်ထွန်းလျက်ရှိသည်။ စင်ကိုနာအခေါက်မှ အစွမ်းထက်သော ငှက်ဖျားရောဂါ ကာကွယ်ဆေးကို လုံလောက်စွာ ထုတ်လုပ်လျက်ရှိကြောင်းသိရှိရသည်။

ယင်းနောက်ဝန်ကြီးသည်စင်ကိုနာအခေါက်နှင့် ယင်းမှ ထုတ်လုပ်ထားသောအစွမ်းထက် ကွီနင်းဆေးပြားများကို ကြည့်ရှုသည်။

ထို့နောက် ဝန်ကြီးသည် စင်ကိုနာအခေါက်အားအမှုန့်ကြိတ်ခြင်းလုပ်ငန်းများကို လည်းကောင်း၊ ယင်းမှ ထွက်လာသည့် အဆီများအား အအေးခံခြင်းလုပ်ငန်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။(သတင်းစဉ်)

နှစ်ဖက်သောမိဘများအားအမှူးထား၍ သာကေတမြို့နယ် (၂)ရပ်ကွက် အနော်မာလမ်း(၂၀)နေ မောင်မိုးကျော်-မမြင့်မြင့်သီတို့၏ မင်္ဂလာဦးဆွမ်းပဒေသာပင်အတွက် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။

(က-ပ)

*** မြန်မာအမျိုးသမီးများနေ့မှ**

ဆက်လက်၍ နံနက်ပိုင်းစာတမ်းဖတ်ပွဲ အခမ်းအနားတွင် သဘာပတိအဖြစ် ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) က ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါ်စန္ဒာခင်က ဆောင်ရွက်သည်။

ထို့နောက် ရန်ကုန်တက္ကသိုလ် ဥပဒေဌာန–ဌာနမှူး ပါမောက္ခ ဒေါက်တာဒေါ်သန်းနွဲ့က **"မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဥပဒေနှင့် လူကုန်ကူးမှု တိုက်ဖျက်ရေး ဆောင်ရွက်ချက်များ"** စာတမ်းကိုလည်းကောင်း၊ ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီး ဌာနမှူး ပါမောက္ခ ဒေါက်တာ ဒေါ်သန်းသန်းတင်က **"အမျိုးသမီးများနှင့် HIV /AIDS"** စာတမ်းကိုလည်းကောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒေါ်ရင်ရင်လေးက **"ပတ်ဝန်းကျင်ပြဿနာများနှင့် ပတ်ဝန်းကျင်လုံခြုံရေး"** စာတမ်းကို လည်းကောင်း အသီးသီး ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် စာတမ်းဖတ်ပွဲကို တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာစာတမ်းရှင်များက ပြန်လည်ဖြေကြားကြပြီး စာတမ်းဖတ်ပွဲကို ခေတ္တရပ်နားသည်။

ထို့နောက် မွန်းလွဲပိုင်းစာတမ်းဖတ်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ဒေါ်စောမုံညင်းက ဆောင်ရွက်သည်။

ယင်းနောက် ရန်ကုန်တက္ကသိုလ်ကွန်ပျူတာ သိပ္ပံဌာန – ဌာနမှူး ပါမောက္ခ ဒေါ်နွဲ့နွဲ့ဝင်းက **"မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးမှုနှင့် အမျိုးသမီးများ၏ ကဏ္ဍ"** စာတမ်းကိုလည်းကောင်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်လှက **"ကိုယ်စိတ်ကျန်းမာနေနိုင်ရေးနှင့် အမျိုးသမီးများ၏ စွမ်းဆောင်မှု"** စာတမ်းကိုလည်းကောင်း၊ ဒေါက်တာ မတင်ဝင်း (ပညာရေးတက္ကသိုလ်)က **"မြန်မာ့သမိုင်းစဉ်ထဲမှ အမျိုးသမီးများနှင့် တန်ဖိုး"** စာတမ်းကို လည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းကြသည်။

ထို့နောက် စာတမ်းဖတ်ပွဲသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်များက ပြန်လည်ဖြေကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ(၃)ရက်

MYANMAR WOMEN'S DAY

3rd July 2006

ရန်ကုန်တက္ကသိုလ် ဥပဒေဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာ ဒေါ်သန်းနွဲ့ "မြန်မာနိုင်ငံ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များ"စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဗဟိုအမျိုးသမီးဆေးရုံကြီး ဌာနမှူး ပါမောက္ခ ဒေါက်တာ ဒေါ်သန်းသန်းတင် "အမျိုးသမီးများနှင့် HIV/AIDS"စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ပတ်ဝန်းကျင် ထိန်းသိမ်းရေး အမျိုးသားကော်မရှင် တွဲဖက်အတွင်းရေးမှူး ဒေါ်ရင်ရင်လေး "ပတ်ဝန်းကျင်ပြဿနာများနှင့် ပတ်ဝန်းကျင်လုံခြုံရေး" စာတမ်းကိုဖတ်ကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တက္ကသိုလ်ကွန်ပျူတာသိပ္ပံဌာန ဌာနမှူး ပါမောက္ခဒေါ်နွဲ့နွဲ့ဝင်း "မြန်မာနိုင်ငံ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးမှုနှင့် အမျိုးသမီးများ၏ကဏ္ဍ"စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်လှ "ကိုယ်စိတ်ကျန်းမာနေနိုင်ရေးနှင့် အမျိုးသမီးများ၏ စွမ်းဆောင်မှု"စာတမ်းကို ဖတ်ကြားစဉ်။(သတင်းစဉ်)

ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) "မြန်မာ့သမိုင်းစဉ်ထဲမှ အမျိုးသမီးများနှင့်တန်ဖိုး" စာတမ်းကို ဖတ်ကြားစဉ်။ (သတင်းစဉ်)

မဇ္ဈိမဒေသ ဝါဆိုသင်္ကန်းများ လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၂၉

အိန္ဒိယနိုင်ငံ ပရဒေသီ သံဃနာယကအဖွဲ့၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော မြန်မာဘုန်းတော်ကြီးကျောင်း ၁၁ ကျောင်းနှင့် တက္ကသိုလ်ရှစ်ခုတို့၌ ဝါဆိုတော်မူကြသော မြန်မာရဟန်းတော် ၂၃၈ပါးနှင့် အာသံ–တြိပူရ–မဏိပူရဒေသများရှိ သံဃာတော်အပါး ၃၀၀တို့ အတွက် မဇ္ဈိမဒေသ(၂၈) ကြိမ်မြောက် ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းမည်ဖြစ်၍ ဖုန်း–၀၁–၅၄၅၂၁၅၊၀၁–၅၄၅၂၁၆၊ ၀၁–၅၅၅၁၇၃၊ ၀၁–၇၂၇၇၄၆၊၀၁–၅၃၆၃၄၈ နှင့် ၀၁–၅၄၂၂၃၆ တို့သို့ ဇူလိုင် ၂၇ ရက် နောက်ဆုံးထား လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

❐ အနောက်ဆရာကြီးမှ

ညွှန်ကြားချက်များပေးခြင်းတို့ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိနေရသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံနှင့်ပြည်သူလူထုအပေါ် အကြမ်းဖက် အဖျက်လုပ်ရပ်များ ကျူးလွန်နေ၍ မတရားအသင်းကြေညာထားခြင်း ခံရသော အကြမ်းဖက်အဖွဲ့အစည်းများ၊ အဖွဲ့ဝင်များအဖြစ် ကြေညာထားခြင်းခံရသော ပြည်ပြေး၊ တရားခံပြေးများကို အနောက်အင်အားကြီးနိုင်ငံက လက်သင့်ခံမွေးမြူပြီး နိုင်ငံတော်အား ဆန့်ကျင်တိုက်ခိုက်ရန် အားပေးနေခြင်းသည်လည်းကောင်း၊ ပြည်တွင်းရှိ နိုင်ငံရေးပါတီတစ်ခုသို့ သွားလာဝင်ထွက်ဆွေးနွေးညွှန်ကြားချက်များ ပေးနေခြင်းသည်လည်းကောင်း မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေခြင်းဖြစ်ရာ နိုင်ငံအချင်းချင်းအပေါ် ထားရှိအပ်သည့် မိတ်ဝတ်မပျက်ဆက်ဆံရေးအရ မပြုသင့်မပြုထိုက်သော အမှုကိစ္စများကို ပြုမူလုပ်ဆောင်နေ ခြင်းပင်ဖြစ်သည်။

မည်သို့ပင်ဖြစ်စေကာမူ ယနေ့မြန်မာနိုင်ငံတွင် ငြိမ်းချမ်းရေး တည်ဆောက်လျက် စည်းလုံး ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်မှုဖြင့် ရရှိဖြစ်ထွန်းနေသော အေးချမ်းတည်ငြိမ်မှု၊ ခေတ်မီဖွံ့ဖြိုး တိုးတက်မှု အခြေခံကောင်းများနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းမှု အလားအလာကောင်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ပြည်တွင်းပြည်ပ အဖျက်ရန်ဟူသမျှကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က ပူးပေါင်းတားဆီး တိုက်ဖျက်ချေမှုန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အများပြည်သူတို့အနေဖြင့်လည်း မိမိတို့နေထိုင်ရာ၊ အသက်မွေးဝမ်းကျောင်းမှုပြုရာ၊ ကူးသန်းရောင်းဝယ်မှုပြုရာ အဝန်းအဝိုင်းအတွင်းသို့ အသွင်အမျိုးမျိုးဆောင်ကာ ထိုးဖောက်ဝင်ရောက်လာမည့် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ အကြမ်းဖက် အဖျက်အမှောင့်သမားများကို အထူးသတိပြုစောင့်ကြပ်ကြည့်ရှုဖော်ထုတ်ပြီး တာဝန်ရှိသူများထံသို့ အချိန်မီသတင်းပေးပို့ခြင်းဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန် သက်ဆိုင်ရာက တိုက်တွန်းနှိုးဆော်ထားသည်။

(သတင်းစဉ်)

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် နိကာယ်စာသင်တိုက် ဝါဆိုသင်္ကန်းလှူဒါန်းပွဲနှင့် ဂုဏ်ပြုပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၉

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ကျေးဇူးတော်ရှင် မြင်းခြံဆရာတော်ကြီး တည်ထောင်တော်မူခဲ့ပြီး ရွှေရတုတိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ သီလက္ခန္ဓာဘိဝံသ ဦးဆောင်သာသနာပြုလျက်ရှိသော ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ နိကာယ်စာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် သံဃာတော် အပါး ၃၅၀တို့အား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် မဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဘဒ္ဒန္တ နရိန္ဒ(တိုက်ကြပ်ဆရာတော်)၊ နိုင်ငံတော်အစိုးရတိပိဋကရေ စာမေးပွဲအောင် အရှင်ပညိဿရ၊ အရှင်ဝေဒိတ၊ အရှင်ဇောတိဿရာ လင်္ကာရ နှင့် အရှင်ဇောတိပါလ တို့အား ဂုဏ်ပြု ချီးကျူးပူဇော်ပွဲကို (ဝါဆိုလပြည့်နေ့) ဇူလိုင် ၉ရက် နံနက် ၉နာရီတွင် အဆိုပါစာသင်တိုက်၌ ကျင်းပမည် ဖြစ်ရာ ကြွရောက်ကြည်ညိုပူဇော်နိုင်ကြောင်းနှင့် ဖုန်း–၀၁–၅၉၀၄၆၆ နှင့် ၀၉–၈၀၂၂၈၆၀ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၀–၆–၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၀ ၆။ ကြေးမုံရိပ်သွင်တေးနှယ်ဉ်
၈:၁၀ ၇။ အကပြိုင်ပွဲ
၈:၂၀ ၈။ ဆက်သွယ်ဆင့်ပွား အိပ်မက်တံတား
၈:၃၀ ၉။ International News.
၈:၄၅ ၁၀။ English for Everyday Use.
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ တေးဂီတအစီအစဉ်
၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ – ပထမနှစ် (သတ္တဗေဒအထူးပြု)(သတ္တဗေဒ)
၅:၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ တေးသံသာ
၅:၁၅ ၆။ မြန်မာစာ၊မြန်မာစကား
၅:၂၀ ၇။ **"အားဆေး" (မိုးဒီ၊ ဇော်ထက်အောင်၊ ဆောင်းအိန္ဒြေထွန်း) [ဒါရိုက်တာ–စောစန္ဒာလှိုင်]**
၅:၄၀ ၈။ နှောင်းခေတ်တေးပဒေသာ
၅:၅၀ ၉။ **မွန်မြတ်နှလုံးသား မြန်မာအမျိုးသမီးများ(အပိုင်း–၂)**
၆:၀၀ ၁၀။ ညနေခင်းသတင်း
၆:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်လိပ်ပြာလေး တဝဲလည်လည်"(အပိုင်း–၂)**
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၈။ **မြန်မာရုပ်ရှင် "အချစ်သည်လေပြည်" (အပိုင်း–၂) (ဒွေး၊ စိုင်းဘိုဘို၊ ဖြိုးငွေစိုး၊ အိန္ဒြာကျော်ဇင်၊ စမိုင်းလ်၊ နဝရတ်) (ဒါရိုက်တာ–ကိုအောင်မင်းသိမ်း)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ဇလွန်မြို့နယ် ဖက်သောင်ကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအသင်းဝင်များ၊ တောင်သူလယ်သမားများအား ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။ (လယ်ယာ/ဆည်မြောင်း)

အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပန်းတိုင်အထွက်နှုန်းရရှိရေး မှာကြား

နေပြည်တော် ဇွန် ၂၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးသည် ဇွန် ၂၃ ရက် ညနေ ၆ နာရီတွင် ဧရာဝတီတိုင်း ဟင်္သာတခရိုင် ဇလွန်မြို့နယ် ဖက်သောင်ကျေးရွာ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ တောင်သူလယ်သမားများနှင့်တွေ့ဆုံ၍ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး၊ သီးနှံ ၁၀မျိုးပန်းတိုင်အထွက်နှုန်း ရရှိအောင် ကြိုးပမ်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များ ဆွေးနွေးသည်။

ထို့နောက် အထွေထွေအတွင်းရေးမှူးသည် အသင်းဝင်များနှင့်အတူ ဇလွန်မြို့သို့ရောက်ရှိပြီး ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် ဆည်မြောင်းဦးစီးဌာနက တာတမံများ ကြံ့ခိုင်မှုရှိအောင် ဆောင်ရွက်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရေကင်းစခန်းအမှတ်(၂)၌ တာဝန်ရှိသူများက ဇလွန်၊ ဟင်္သာတ၊ လေးမျက်နှာ၊ မြန်အောင်၊ ကြံခင်းမြို့နယ်များတွင် ဧရာဝတီမြစ်တစ်လျှောက်ရှိ တာများကို တာပုံစံကျ ပြုလုပ်ထားမှုနှင့် ရေလမ်းကြောင်းအခြေအနေတို့ကို မြေပုံဖြင့် ရှင်းလင်းတင်ပြကြသည်။

အထွေထွေအတွင်းရေးမှူးက မိုးရာသီကာလတွင် တာများကို စဉ်ဆက်မပြတ် စစ်ဆေး နေကြရန်နှင့် သတင်းပို့ကြရန် မှာကြားသည်။ (သတင်းစဉ်)

ရွှေနိုင်ငံဂျာနယ်အတွဲ(၅)၊ အမှတ်(၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၉

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ်(၃)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါ ဂျာနယ်တွင် တက္ကသိုလ်မြတ်သူ၊ စိုးသီဟ (ရေတာရှည်)၊ ဇော်ဗိုလ်၊ ခင်သန္တာနှင်း(ဖြူး)၊ ရေနံ့သာမောင်ကျော်ညွန့်၊ မင်းသစ်ဦး၊ H.K၊ သိုက်နွယ်၊ L.T.A၊ သန့်သီရိညွန့်၊ နီငြိမ်း (အညာတက္ကသိုလ်)၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ ရွှေဘို ဘာမထီခင်အောင်၊ CE တို့၏ မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ မွေးငယ်ငယ်၏ ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေး ဆောင်ရွက်မှုသတင်းများ၊ နိုင်ငံတကာ ဖြစ်ရပ်သတင်းများ စုံလင်စွာ ဖော်ပြပါရှိသည်။

(သတင်းစဉ်)



ဇွန် ၂၉ ရက်က ဂျပန်နိုင်ငံ တပ်မတော်နေ့ အထိမ်းအမှတ်ညစာစားပွဲ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းနှင့် ဇနီးတို့အား ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးမှ စစ်သံမှူး Colonel Yoshihiko Izaki နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

အမျိုးသားအဆင့် ဆူနာမီရေလှိုင်း သတိပေးရေးဌာန ၂၆ ဌာနသည် ဆူနာမီရေလှိုင်းဆိုင်ရာ သတင်းအချက်အလက်များကို ရရှိမည်ဖြစ်သည်။ အိန္ဒိယသမုဒ္ဒရာ၏ နူတ်ခမ်းသတ်နိုင်ငံများတွင် ဆူနာမီရေလှိုင်း သတိပေးရေးဌာနများကို ဖွင့်လှစ်ထားပြီး ယင်းသတိပေးရေး စနစ်၏ လုပ်ငန်းများစတင်နေပြီဖြစ်ကြောင်း ယူနက်စကို၏ ကြေညာချက်တွင် ဖော်ပြထားသည်။

ဆူနာမီရေလှိုင်း သတိပေးရေးစနစ်အရ ဆူနာမီရေလှိုင်းဆိုင်ရာ သတင်းအချက်များ ပေးပို့မှုကို နေ့စဉ် ၂၄ နာရီပတ်လုံး စဉ်ဆက်မပြတ် ပြုလုပ်နိုင်မည်ဖြစ်သည်။

အိန္ဒိယသမုဒ္ဒရာ ကမ်းခြေရှိနိုင်ငံများတွင် မြေငလျင်တိုင်းတာရေးစခန်း ၂၅ ခုကိုလည်း ထူထောင်ဖွင့်လှစ်ထားပြီဖြစ်ကြောင်း၊ မြေငလျင် တိုင်းတာရေးစခန်းများက ထောက်ပံ့ပေးသော သတင်းအချက်အလက်များကို ဆူနာမီရေလှိုင်းသတိပေးရေးဌာနများသို့ ပေးပို့မည်ဖြစ်ပြီး ယင်းဌာနများရှိ ကျွမ်းကျင်သူပညာရှင်များက ဆန်းစစ်လေ့လာမှုများ ပြုလုပ်မည်ဖြစ်ကြောင်း၊ မြေငလျင်လှုပ်မှုပေါ်ပေါက်ရာ နေရာနှင့် မြေငလျင်၏ပြင်းအား စသည်တို့ကို ကွန်ပျူတာနည်းစနစ်ဖြင့် တွက်ချက်ကာ ဆူနာမီရေလှိုင်း ပေါ်ပေါက်နိုင်ဖွယ်ရှိ၊မရှိ သိနိုင်မည်ဖြစ်ကြောင်း ယူနက်စကို၏ ကြေညာချက်တွင် ဖော်ပြထားသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်က အင်ဒိုနီးရှားနိုင်ငံ အနောက်ဘက် အိန္ဒိယသမုဒ္ဒရာအတွင်း မြေငလျင်လှုပ်ခဲ့မှုကြောင့် ဆူနာမီရေလှိုင်းရိုက်ခတ်ခဲ့ရာ နိုင်ငံပေါင်း ၁၂ နိုင်ငံရှိ လူပေါင်း ၂၂၀၀၀၀ကျော် သေဆုံးခဲ့ရသည်။

အင်တာနက်။

ဆူနာမီ သတိပေးရေးစနစ်ကို စမ်းသပ်နေသော သိပ္ပံပညာရှင်များအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

နေပြည်တော် ဇွန် ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် မစ္စတာ ဖိလစ်ပေဖရက်မန်းအား ခန့်အပ်ရန် အဆိုပြုခြင်းကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဖိလစ်ပေဖရက်မန်းသည် ဗန်ကောက်မြို့၌ ရုံးစိုက်နေထိုင်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အာဂျင်တီးနားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

(သတင်းစဉ်)

ရှောင်လေ
ဝေးဝေး
မူးယစ်ဆေး

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀-၆-၂၀၀၆ (သောကြာနေ့)

၇:၀၀	MRTV-4 အဖွင့်Logo၊ယနေ့အစီအစဉ်
၇:၀၅	ကမ္ဘာ့ဖလားနှင့် သူတို့အမြင်
၇:၂၀	တေးဂီတအစီအစဉ်
၇:၂၅	ကရာတေးဒိုအားကစား
၇:၃၅	တေးဂီတအစီအစဉ်
၇:၄၀	နိုင်ငံတကာသတင်းအကျဉ်း
၇:၄၅	ကလေးတို့အတွက်လက်ဆောင်(ပုံပြင်)
၇:၅၅	တေးဂီတအစီအစဉ်
၈:၀၀	အသည်းရောင်အသားဝါ(စီ)ရောဂါပိုးကို ကုသနိုင်သော နည်းလမ်းများအပိုင်း(၁)
၈:၂၀	ပြည်တွင်းသတင်းအကျဉ်း
၈:၃၀	ကုသိုလ်ပါရမီခိုင်မြဲဖို့ ကြေးပိဋကတ်လှူဒါန်းစို့
၈:၅၀	တေးဂီတအစီအစဉ်
၈:၅၅	သူတို့ပြောတဲ့သူတို့အကြောင်း(Lazy Club) (စိုးနိုင်ထွန်း၊ကိုနိုင်ဇော်၊ဂျင်ပိ၊မရခိုင်၊ ဥက္ကာဦးသာ)
၉:၃၅	မိုးလေဝသခန့်မှန်းချက်
၉:၄၀	စက်မောင်းဆီအစားထိုးနိုင်ဖို့ ပရိဂျူဆာဂက်စ်ကိုသုံးကြစို့
၁၀:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀	Myanmar Video Rhythm
၁၁:၀၀	သံချည်သံကွေးအတတ်ပညာ အပိုင်း(၁)
၁၁:၀၅	တေးဂီတအစီအစဉ်
၁၁:၂၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၀	လေလှိုင်းတိတ်ဆိတ်ခြင်းကိုဖြိုခွင်း ဂီတညနေခင်း (အပိုင်း-၂)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃:၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ဇွန် ၂၄ ရက်က ရန်ကုန်အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ စီမံရေးရာဌာနက ကြီးမှူးဖွင့်လှစ် သော အခြေခံစီမံခန့်ခွဲမှုဆင့်ပွားသင်တန်း အမှတ်စဉ်(၁/၂၀၀၆) ဖွင့်ပွဲကို တာမွေ အထက(၄) ခန်းမဆောင်၌ကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်နန်းရွှေယဉ် သင်တန်းဖွင့်အမှာစကားပြောကြားစဉ်။ (က-ပ)

ကျောက်စိမ်းအတွဲပေါင်း ၈၂တွဲ ဈေးပြိုင်စနစ်ဖြင့်ရောင်းချရ ရတနာကုန်သည် ၂၃၈၃ဦး တက်ရောက်၍ အပြိုင်အဆိုင်ဝယ်ယူ

ရန်ကုန် ဇွန် ၂၉

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲတွင် ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ယမန်နေ့ ညနေ ၄နာရီမှ ည ၇နာရီအထိ ဆက်လက်ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၂၄ တွဲကို ရတနာကုန်သည်များက ဝယ်ယူခဲ့ကြသည်။ ယမန်နေ့ တစ်နေ့တည်းမှာပင် ကျောက်စိမ်းအတွဲပေါင်း ၅၈ တွဲကို ဈေးပြိုင် စနစ်ဖြင့် ရောင်းချခဲ့ရသည်။

အထူးရောင်းချပွဲ အစီအစဉ်အရ ယနေ့နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချရာ ကျောက်စိမ်းအတွဲပေါင်း ၃၃ တွဲကို ရောင်းချခဲ့ရသည်။ နှစ်ရက်အတွင်း ဈေးပြိုင်စနစ်ဖြင့် ရောင်းချခဲ့ရသော ကျောက်စိမ်းအတွဲပေါင်း ၈၂ တွဲ ဖြစ်သည်။

ဈေးပြိုင်ပေးဝယ်ယူ

ကျန်ရှိသော ကျောက်စိမ်းအတွဲများကို ဈေးပြိုင်စနစ်ဖြင့် ညပိုင်းအထိ ဆက်လက် ရောင်းချလျက်ရှိရာ မြန်မာကွန်ဗင်းရှင်းစင်တာအတွင်းရှိ ခန်းမဆောင်ကြီး တစ်ခုလုံးပြည့်လျှံနေပြီး သူ့ထက်ငါ အပြိုင်အဆိုင် ဈေးပြိုင်ပေး၍ ဝယ်ယူလျက်ရှိကြသည်။

ယခုရောင်းချလျက်ရှိသည့် အထူးရောင်းချပွဲသို့ ပြည်ပနိုင်ငံ ၁၀နိုင်ငံမှ ရတနာကုန်သည်၁၄၆၆ဦးနှင့် ပြည်တွင်းမှနိုင်ငံသားရတနာကုန်သည် ၉၁၇ဦး စုစုပေါင်းရတနာကုန်သည် ၂၃၈၃ဦး တက်ရောက်၍ ဝယ်ယူလျက်ရှိကြသည်။

ကျန်ရှိသော ကျောက်စိမ်း အတွဲများကို ဇွန် ၃၀ရက်တွင် ဈေးပြိုင်စနစ်ဖြင့် ဆက်လက်ရောင်းချသွားမည် ဖြစ်သည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူး ရောင်းချပွဲတွင် ပြည်တွင်းပြည်ပမှ ရတနာကုန်သည်များ ကျောက်စိမ်းတွဲများကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝါဆိုသင်္ကန်းကပ်လှူ

နေပြည်တော် ဇွန် ၂၉

သစ်တောရေးရာဝန်ကြီးဌာန ပထမအကြိမ် ဝါဆိုသင်္ကန်း ကပ်လှူပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြည်ညိုကြသည်။

ရေးဦးစွာ လယ်ဝေးမြို့နယ် ပေါက်မြိုင်ဆရာတော်ထံမှ ငါးပါးသီလ ခံယူပြီး ပရိတ်တရားတော်များ နာကြားကြသည်။ ထို့နောက် ဆရာတော်ကြီး အမှူးပြုသော ပင့်သံဃာငါးပါးတို့အား ဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ကပ်လှူပူဇော်၍ အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

(သတင်းစဉ်)

သုံးခွမြို့နယ် ဆယ်အိမ်စုမှူး အထောက်အကူပြု ဆရာဖြစ်သင်တန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂၉

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဆယ်အိမ်စုမှူး အထောက်အကူပြု ဆရာဖြစ်သင်တန်းဖွင့်ပွဲကို ဇွန်၂၇ရက် နံနက် ၁၁နာရီက မြို့နယ်အားကစားခန်းမတွင် ကျင်းပရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြမူက အဖွင့်အမှာ စကားပြောကြားပြီး ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေး အတွင်းရေးမှူး၊ ခရိုင်ဆရာဝန်ကြီး ဒေါက်တာမြင့်ဇော်က သင်တန်းဖွင့်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဆယ်အိမ်စုမှူးများ ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် သုံးခွမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ အသီးသီးမှအသင်းဝင်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

သုံးခွမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဆယ်အိမ်စုမှူး အထောက်အကူပြုဆရာဖြစ် သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မြမူ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ကျပ်သိန်း ၅၀တန် အစိုးရမူလတန်းလွန် ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၂၉

ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု ဝါးကာမန်ရွာရှိ ကျပ်သိန်း ၅၀တန် အစိုးရမူလတန်းလွန်ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၄ရက် နံနက် ၉နာရီတွင် အဆိုပါ ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းဆောင်သစ် အလှူရှင် ဆရာတော် ဦးသုမန (ဖိုလ်ဝင်တောင်)၊ ဆရာတော် ဦးဇောတိကာ ဘိဝံသ (မန္တလေး)၊ ဆရာတော် ဦးပညာသာမိ (ပုပ္ပား) တို့၏ ကိုယ်စား ဒိုက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်က မြို့နယ်ပညာရေးမှူး ဒေါ်မာဂရက်ကြူထံ ကျောင်းဆောင်သစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများအား လွှဲပြောင်းပေးအပ်ခဲ့သည်။ (သတင်းစဉ်)



မုတ်သုံလေအားကောင်းမည်

၂၀၀၆ခုနှစ် ဇွန် ၂၉ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက်
ယနေ့နံနက် ၀၉း၃၀ နာရီအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး မန္တလေးတိုင်းတွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ရခိုင်ပြည်နယ်၊စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ပဲခူးတိုင်းတို့တွင်နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ကာ တနင်္သာရီတိုင်းတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ဘားအံမြို့တွင် ၅ဒသမ ၀၈လက်မ၊ သံတွဲမြို့တွင် ၄ ဒသမ ၇၃ လက်မ၊ သထုံမြို့တွင် ၄ ဒသမ ၅၇ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၉၃ လက်မ၊ ခန္တီးမြို့တွင် ၃ ဒသမ ၇၄ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၈၄ လက်မ၊ ဖျာပုံမြို့တွင် ၂ ဒသမ ၅၆ လက်မနှင့် သာယာဝတီမြို့တွင် ၂ ဒသမ ၂၅ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အသင့်အတင့်မှ အားကောင်းနေသည်။

၂၀၀၆ ခုနှစ် ဇွန် ၃၀ ရက် ညနေအထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ မန္တလေးတိုင်း၊မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်းအောက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊မြစ်ဝကျွန်းပေါ် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်) **၂၈-၆-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၂၀ ဒသမ ၅ ဒီဂရီစင်တီဂရိတ် (၆၉ ဒီဂရီဖာရင်ဟိုက်)

၀၉း၃၀နာရီအချိန် စိုထိုင်းဆ ၉၇ ရာခိုင်နှုန်း **၂၉-၆-၂၀၀၆**

နေပူသည့်နာရီပေါင်း ၂ဒသမ ၀နာရီခန့် **၂၈-၆-၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၉-၆-၂၀၀၆	၀ . ၃၁လက်မ	၀ . ၄၄လက်မ	၀ . ၅၅လက်မ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	၂၅.၆၇ လက်မ	၃၄.၀၂ လက်မ	၃၇.၄၈ လက်မ

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၈-၆-၂၀၀၆ရက် ၁၂း၃၅ နာရီတွင် အနောက်တောင်ဘက်မှ တစ်နာရီ ၁၀ မိုင်နှုန်းတိုက်ခတ်သည်။

၂၀၀၆ ခုနှစ် ဂျာမနီကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ

ဂျာမနီနှင့်အီတလီ ဆီမီးဖိုင်နယ်တွင် ဆုံနိုင်

ဂမ်ဆိုင်း

ဇွန် ၃၀ရက် (ယနေ့) ကွာတားဖိုင်နယ်ပွဲစဉ်များ စတင်ကစားတော့မည် ဖြစ်သည်။ ပထမပွဲစဉ်အဖြစ် ဂျာမနီနှင့် အာဂျင်တီးနား၊ ဒုတိယပွဲစဉ်အဖြစ် အီတလီနှင့်ယူကရိန်းတို့ ကစားကြမည်။

ဂျာမနီနှင့်အာဂျင်တီးနား

၃၀–၆–၂၀၀၆

ဘာလင်ကွင်း

အချိန်–ည ၉း၃၀နာရီ၊ သောကြာနေ့

(မြဝတီမှတိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

အာဂျင်တီးနားသည် အုပ်စု(ဂ)မှ ပထမဖြင့်တက်လာသော အသင်းတစ်သင်းဖြစ်သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်တွင် မက္ကဆီကိုကို နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာသည်။

အုပ်စုပွဲစဉ်တွင် အိုင်ဗရီကို့စ်၊ ဆာဘီးယား၊ နယ်သာလန်တို့နှင့် ကစားသော ခြေရည်ထက် မက္ကဆီကိုနှင့် ကစားသော ခြေရည်က ပို၍ကောင်းသည်။

အာဂျင်တီးနားသည် ကွင်းလယ်ကစားကွက် ကောင်းသည်။ နေရာစုံထောင့်စုံမှ ထိုးဖောက်ကစားနိုင်သည်။ ကစားအားနှင့် လျင်မြန်မှုကောင်းသည်။ ကစားကွက်ကိုပုံဖော်ရာတွင် အနည်းငယ်ကျဲသည်။ တစ်ခါတစ်ရံမှသာ တစ်ချက်ထိ အမြန်ပေးစနစ်ကို ကျင့်သုံးကစားသည်။ ရှေ့တန်းတိုက်စစ်မှူးများ ဂိုးသွင်းသေချာသည်။ အာဂျင်တီးနား၏ နောက်တန်းအတွင်းဘက်တွင် အနည်းငယ်အားပျော့သည်။

အိမ်ရှင်ဂျာမနီသည် အုပ်စု(က)မှ ပထမဖြင့် တက်လာသော အသင်းဖြစ်သည်။ အုပ်စုပွဲစဉ်တွင် ပိုလန်နှင့် ကစားသောပွဲမှလွဲ၍ ကော်စတာရီကာ၊ အီကွေဒေါတို့ပွဲ၌ ဂျာမနီအသင်း ကစားပုံကောင်းသည်။ တစ်ပွဲနှင့်တစ်ပွဲ ကစားပုံမတူသကဲ့သို့ ပို၍လည်းကောင်းလာသည်။ နောက်ဆုံး ဒုတိယအဆင့် ရှုံးထွက် ဆွီဒင်နှင့်ပွဲတွင် ဂျာမနီ၏ကစားပုံသည် အုပ်စုပွဲစဉ်များ ကစားပုံနှင့် လုံးဝကွဲပြားခြားနားသွားသည်။ ခံစစ်ကြောင်းကို လုံခြုံအောင် အရင်တည်ဆောက်ပြီးမှ တိုက်စစ်ဆင်ကစားသွားသည်။ တိုက်စစ်ပြုလုပ်ရာတွင် အုပ်စုပွဲစဉ်တုန်းက ထိုးဖောက်သလို မဟုတ်တော့ဘဲ အလယ်တည့်တည့်မှ ပြုလုပ်သည်။

ပွဲစဉ်တစ်လျှောက် ကစားခဲ့သော ခြေရည်များကို သုံးသပ်ကြည့်ရာတွင် နှစ်သင်းစလုံး ခြေရည်မတိမ်းမယိမ်းရှိသည်။ နှစ်သင်းစလုံး၏ နောက်တန်းတွင် အားနည်းချက်များရှိကြသည်။ တစ်ဦးချင်းကျွမ်းကျင်မှု အစိတ်အပိုင်းကို အားပြုသည့်နေရာတွင် အာဂျင်တီးနားက အိမ်ရှင်ဂျာမနီထက် သာသည်။

ထို့အပြင် အိမ်ရှင်ဂျာမနီနှင့် အာဂျင်တီးနားတို့၏ အဓိကကွာခြားချက်မှာ ဘောလုံးကစားနည်းအပေါ် ခံယူထားသော အခြေခံသဘောတရားဖြစ်သည်။ အာဂျင်တီးနားသည် ခံစစ်ထက် တိုက်စစ်တစ်ခုတည်းကိုသာ အာရုံပြုသော အသင်းဖြစ်သည်။ ဂျာမနီက ခံစစ်မှ တိုက်စစ်သို့ အသားပေးသည်။ သို့ဖြစ်၍ အာဂျင်တီးနားသည် အလွန်လျင်မြန်သွက်လက်ပြီး ပရိသတ်များ၏အာရုံကို ဖမ်းစားနိုင်သည်။

အလွန်လျင်မြန်ပြီး ပါဝါအသုံးပြုကစားသော အာဂျင်တီးနားအသင်းမျိုးကို မည်သို့မည်ပုံ ကစားမည်နည်း ဆိုသော နည်းဗျူဟာနှင့် နည်းပရိယာယ် ဂျာမနီမှာ ရှိလိမ့်မည်ဖြစ်သည်။ ၎င်းအချက်မှာ အလွန်စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။ အတွေ့အကြုံရှိပြီး ခေါင်းအေးအေးဖြင့် ကစားတတ်သော အသင်းများသည် ပွဲတစ်ပွဲ၏ ရလဒ်ကို ပြောင်းလဲစေတတ်သည်။ ထိုအရည်အသွေးမျိုး ဂျာမနီမှာရှိသည်။

အီတလီနှင့်ယူကရိန်း

၁–၇–၂၀၀၆

ဟမ်းဘတ်ကွင်း

အချိန်–နံနက် ၁း၃၀နာရီ၊ စနေနေ့

(မြဝတီမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်။)

ယူကရိန်းသည် အုပ်စု(ဇ)မှ ဒုတိယဖြင့် တက်လာသောအသင်းဖြစ်သည်။ ဒုတိယရှုံးထွက်အဆင့်တွင် ဆွစ်ဇာလန်ကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်လာသည်။

အုပ်စုပတ်လည် ပွဲစဉ်များတွင် ယူကရိန်း၏ ကစားပုံသည် တူနီးရှားနှင့်ပွဲမှလွဲ၍ ကောင်းသည်။ ပွဲဦးထွက် စပိန်နှင့် ကစားသောခြေရည်မှာ အကောင်းဆုံးဖြစ်သည်။ ဒုတိယရှုံးထွက်အဆင့်တွင် ယူကရိန်း၏ ကစားပုံသည် အံ့သြစရာကောင်းလောက်အောင် ကောင်းမွန်သည်။ ယခင်ပွဲများထက် ပိုမိုသွက်လက်လာသည်။ ကွင်းလယ်ကစားကွက် ကောင်းပြီး ပြိုင်ဘက်အသင်းဘက်သို့ အကြိမ်ကြိမ်ထိုးဖောက်ကစားသွားသည်။ ထို့အပြင် ပြိုင်ပွဲတစ်ပွဲလုံးကို လွှမ်းမိုးထားသည်။

အီတလီသည် အုပ်စု(င)မှ ပထမဖြင့်တက်လာသော အသင်းဖြစ်သည်။ ဒုတိယရှုံးထွက်အဆင့်၌ ဩစတြေးလျကို တစ်ဂိုး၊ ဂိုးမရှိဖြင့် ကပ်နိုင်ပြီး တက်လာသည်။

အုပ်စုပတ်လည် ပွဲစဉ်တစ်လျှောက် အီတလီ ကစားပုံသည် အနိမ့်အမြင့်ရှိသည်။ အကောင်းဆုံးပွဲမှာ ချက်နှင့် ကစားသောပွဲဖြစ်သည်။ ဒုတိယရှုံးထွက်အဆင့်တွင် အီတလီကစားပုံကောင်းသည်။ ဩစတြေးလျနောက်တန်း ကောင်းသောကြောင့် အီတလီ အခက်တွေ့ရခြင်းဖြစ်သည်။ ၎င်းပွဲတွင် အီတလီသည် ကွင်းလယ်ကစားကွက်ကို ချုပ်ကိုင်ပြီး ဦးဆောင် ကစားသည်။ ဒုတိယပိုင်းတွင် တစ်ယောက်လျော့ဖြင့် ပွဲကို ထိန်းကစားသွားသည်။

ကစားခဲ့သောပွဲများကို လေ့လာကြည့်ရာတွင် အီတလီ၏ ခြေစွမ်းရည်ငြိမ်သော်လည်း ကစားပုံ အနိမ့်အမြင့်ရှိသည်။ ယူကရိန်းမှာ ထိုသို့မဟုတ်။ တစ်ပွဲထက်တစ်ပွဲ ကစားပုံကောင်းသည်။ အချိတ်အဆက် ပို၍ မိလာသည်။ ဆွစ်ဇာလန်နှင့်ပွဲတွင် ပြိုင်ဘက်ကို အကောင်းဆုံးထိန်းချုပ်ပြီး အထက်စီးမှ ကစားသွားသည်။ လျင်မြန်သွက်လက်မှုများကိုလည်း ၎င်းပွဲတွင် မြင်ရသည်။ သို့ဖြစ်၍ ယူကရိန်းသည် အီတလီကို ပခုံးချင်းယှဉ် ကစားနိုင်သည့် အနေအထားတွင်ရှိသည်။

သို့သော် ချက်နှင့်ကစားခဲ့သော ခြေရည် ခြေသွေးမျိုးသာ ယနေ့ပွဲတွင် အီတလီရခဲ့မည်ဆိုလျှင် ယူကရိန်း အောက်မှ လိုက်ကစားရလိမ့်မည်။ အတွေ့အကြုံ၊ တစ်ဦးချင်းစွမ်းရည်၊ ကစားပုံတို့တွင် အီတလီက ယူကရိန်းထက် များစွာသာသည်။ ယူကရိန်း မည်၍မည်မျှ တောင့်ခံကစားနိုင်မည်နည်း။ စောင့်ကြည့်ရမည် ဖြစ်သည်။ ။

ရန်ကင်းပဋ္ဌာနိကာယကျောင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၉

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကန်ဘဲ့ဘူတာရုံလမ်းရှိ ပဋ္ဌာနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်ကြီးတွင် ယခုနှစ် ဝါဆိုတော်မူကြမည့် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ တေဇောဘာသ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) အမှူးပြုသော စာချစာသင် အရှင်မြတ် ၃၀၆ ပါးတို့အား ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၁ ရက်၊ ဇူလိုင် ၁၀ ရက်(တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ပဋ္ဌာနိကာယဓမ္မသဘင်၌ ကျင်းပမည်ဖြစ်ရာ သင်္ကန်းဒွိစုံ၊ ထီး၊ ဖိနပ်တို့ကို ကျောင်းတိုက်ရှိ ပဋ္ဌာနိကာယသာသနာ့နုဂ္ဂဟအဖွဲ့ထံသို့ ဝယ်ယူကုသိုလ်ဒါန ပြုနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အိုလံပစ်နေ့အထိမ်းအမှတ် ရေကူးပြိုင်ပွဲကျင်းပ၊ ဆုများချီးမြှင့်

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့ အထိမ်းအမှတ် ရေကူးပြိုင်ပွဲကို ယနေ့ညနေ ၃နာရီက ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်တွင် ကျင်းပရာ အမျိုးသား မီတာ–၅၀၊ ၁၀၀၊ ၂၀၀ အလွတ်ကူးပြိုင်ပွဲ၊ အမျိုးသမီး မီတာ–၅၀၊၁၀၀၊၂၀၀ အလွတ်ကူးပြိုင်ပွဲနှင့် သက်ငယ်တန်း ၂၅မီတာ အမျိုးသား၊ အမျိုးသမီးပြိုင်ပွဲစုစုပေါင်း ရှစ်ပွဲ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တာဝန်ခံနာယက ဒေါ်မူမူဝင်းက အမျိုးသမီးမီတာ ၅၀နှင့် မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲဆုရရှိသူများကို လည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဒေါ်စိုးဝတ်ရည်က အမျိုးသမီး မီတာ ၂၀၀ အလွတ်ကူးပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း၊ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း(ဥက္ကဋ္ဌ၊ ACE ဆောက်လုပ်ရေးကုမ္ပဏီ)က အမျိုးသားမီတာ ၅၀နှင့် ၁၀၀ အလွတ်ကူးပြိုင်ပွဲဆုရရှိသူများကိုလည်းကောင်း အောင်နိုင်ဆုများချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးချိုမောင်နှင့် အမှုဆောင်များက အောင်နိုင်ဆုများချီးမြှင့်သည်။ (ကြေးမုံ)

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင့်ဆန်း (ဥက္ကဋ္ဌ၊ ACE ဆောက်လုပ်ရေးကုမ္ပဏီ) က အမျိုးသားမီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲ ပထမဆုရ အောင်ကျော်မိုးအား ဆုချီးမြှင့်စဉ်။ (ကြေးမုံ)

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ပုဇွန်တောင်ရွှေကျင်ကျောင်းတိုက် ဓမ္မပါလသပြေဗိမာန်တော်ကြီး တည်ဆောက်ရေးအတွက် ဖခင်ကြီး ဦးဝင်းတင်–မိခင်ကြီး ဒေါ်ကြင်မြိုင်(ပန်းမာလာ ပရိဘောဂတိုက်)တို့အား ရည်စူး၍ (၄၁) ပေတောကုန်းလမ်း ကြည်တော်ရပ်နေ ဦးစိုးခိုင်–ဒေါ်ထွေးထွေး၊ သား မောင်ဟိန်းထက်မိသားစုက အလှူတော်ငွေကျပ်တစ်သိန်းကို သာသနပါလကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးခင်အောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေးအဖွဲ့ပိုင် ကျောင်းဆောက်လုပ်ရန် ဗဟန်းမြို့နယ် ဝင်္ကပါလမ်းနေ ဦးတင်အောင်ဝင်း–ဒေါ်ကြည်ကြည်မြင့် မိသားစုက အလှူငွေကျပ် ၆၂သိန်းကို ဇွန် ၈ရက်တွင် ဦးအံ့မောင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီးဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ရတနာပုံလမ်းနေ ဦးအင်စိန် (၇၅)နှစ်ပြည့် မွေးနေ့အတွက် ဦးအင်စိန်–ဒေါ်မြနွဲ့၊ သားသမီးမြေးများက ငွေကျပ် ၁၀၇၅၀၀ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၃၅)ရပ်ကွက် ဖိုးရာဇာလမ်းနေ ကွယ်လွန်သူ ဦးအောင်ကိုအားရည်စူး၍ ဒေါ်ရီရီထွေးမိသားစုက ဆေးပဒေသာပင်ငွေကျပ် ၁၁၅၀၀၀ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အာရှနိုင်ငံများမှ ဘောလုံးအသင်းများ ပိုမိုကြိုးစားရန် အာရှဘောလုံးအဖွဲ့ချုပ် တိုက်တွန်း

စင်ကာပူ ဇွန် ၂၉

ယခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အာရှအသင်းများအားလုံးနီးပါး ရလဒ်မကောင်းကြဘဲ ပဏာမအဆင့်မှာပင် လက်လျှော့ခဲ့ကြရကြောင်း၊ အာရှဘောလုံးသမားများသည် ဥရောပနှင့် လက်တင်အမေရိကနိုင်ငံများမှ ဘောလုံးသမားများ၏ အရည်အသွေးကို လိုက်မီနိုင်ရန် များစွာကြိုးစားကြရဦးမည်ဟု အာရှနိုင်ငံများမှ ဘောလုံးတာဝန်ရှိသူများက နားလည်နေကြကြောင်း ဇွန် ၂၉ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ယခုနှစ်၏ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် အာရှတိုက်၏ ဘောလုံးကြယ်တစ်ပွင့်ဖြစ်သော တောင်ကိုရီးယား လက်ရွေးစင်အသင်းသည်ပင်လျှင် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်လှမ်းနိုင်ခြင်းမရှိပေ။ တောင်ကိုရီးယားအသင်းသည် ၂၀၀၂ ခုနှစ်က နောက်ဆုံးလေးသင်းအဆင့်အထိ တက်ရောက်နိုင်ခဲ့သော အသင်းဖြစ်သည်။

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် ကနဦးအားဖြင့် အာရှအသင်းများအတွက် မျှော်လင့်ချက်များ မြင့်မားခဲ့သော်လည်း လက်တွေ့တွင် ယင်းအသင်းများအတွက် စိတ်ပျက်အားလျော့မှုများ ဖြစ်ကြရသည်။

အာရှဘောလုံးအဖွဲ့ချုပ်သည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အာရှအသင်းများ၏ ပါဝင်ယှဉ်ပြိုင်နိုင်မှု မြှင့်တင်နိုင်ရန် ကြိုးပမ်းခဲ့သည်။ အနာဂတ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲများတွင် အာရှအသင်းများ၏ ပါဝင်နိုင်မှုကို လက်ရှိလေးသင်းမှ ငါးသင်းအထိတိုးချဲ့ရန် အာရှဘောလုံးအဖွဲ့ချုပ်က ကမ္ဘာ့ဖလားဘောလုံးအဖွဲ့ချုပ်(ဖီဖာ)အား တိုက်တွန်းခဲ့သည်။

သို့ရာတွင် ၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အာရှအသင်းမှာ အခြေမလှသဖြင့် အာရှနိုင်ငံများအတွက် ဘောလုံးရွေ့ခေတ်ရောက်ရေး ကြိုးပမ်းရန်မှတစ်ပါး အခြားမရှိကြောင်း အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ မိုဟာမက်ဘင်တမ်မန်က ပြောကြားသည်။ ***အင်တာနက်။***

ကမ္ဘာ့အားကစား သတင်းများ

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဂိုးမိုးခေါင်နေ ဖီဖာ၏စာရင်းအင်းများတွင် ဖော်ပြ

ဘာလင် ဇွန် ၂၉

၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂိုးမိုးခေါင်နေကြောင်း၊ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲသမိုင်းတွင် ဂိုးသွင်းနိုင်မှု အချိုးအစားအရ အနိမ့်ဆုံးဖြစ်နိုင်ကြောင်း ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ထုတ်ပြန်သော စာရင်းအင်းကိန်းဂဏန်းများအရ သိရသည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် သတ်မှတ်ထားသော ၆၄ပွဲအနက် ၅၆ပွဲကျင်းပပြီးစီးခဲ့သည့်အနက် ၁၃၂ ဂိုး သွင်းယူနိုင်ခဲ့ကြောင်း၊ ယင်းမှာ ဘောလုံးပွဲတစ်ပွဲလျှင် ၂ ဒသမ ၃၆ ဂိုးနှုန်းဖြစ်ကြောင်း၊ ပျမ်းမျှဂိုးသွင်းနိုင်မှု နိမ့်ကျနေသော ယခင်ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမှာ ၁၉၉၀ ပြည့်နှစ်က အီတလီနိုင်ငံ၌ ကျင်းပခဲ့သော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဖြစ်ကြောင်း၊ ယင်းပြိုင်ပွဲ၏ဂိုးသွင်းနိုင်မှုအခြေအနေမှာ ဘောလုံးပွဲတစ်ပွဲလျှင် ၂ ဒသမ ၂၁ ဂိုးနှုန်းဖြစ်ကြောင်းသိရသည်။

ဂိုးသွင်းနိုင်မှု အများဆုံးကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ မှာ ၁၉၅၄ ခုနှစ်က ဆွစ်ဇာလန်နိုင်ငံတွင်ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဖြစ်သည်။ ယင်းပွဲတွင် ပွဲပေါင်း ၂၆ ပွဲအတွင်း ဂိုးအရေအတွက် ၁၄၀အထိ စံချိန်တင်သွင်းယူခဲ့သည်။ ***အင်တာနက်***

ဇွန် ၂၁ ရက်က ဂျာမနီနိုင်ငံ ဒေါ့မွန်းမြို့တွင် ဂျပန်အသင်း၏နည်းပြ ဇစ်ကိုအား လေ့ကျင့်ရေးကွင်း၌ တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘရာဇီးလူမျိုး နည်းပြဇစ်ကို ဂျပန်နိုင်ငံမှ ထွက်ခွာ

တိုကျို ဇွန် ၂၉

အာရှချန်ပီယံ ဂျပန်ဘောလုံးအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် မကြုံစဖူး ထူးထူးခြားခြား အောင်မြင်မှုရရှိရန် မျှော်မှန်းခဲ့သော်လည်း မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်ခဲ့ရပြီးနောက် ယင်းအသင်း၏ နည်းပြဇစ်ကိုမှာ ဂျပန်နိုင်ငံမှ ဇွန် ၂၉ ရက်တွင် ပြန်လည်ထွက်ခွာသွားပြီ ဖြစ်သည်။

ဘရာဇီးလူမျိုး ဘောလုံးပါရဂူ ဇစ်ကိုသည် ဂျပန်လက်ရွေးစင်အသင်း၏ နည်းပြအဖြစ် လေးနှစ်ကြာ တာဝန်ယူခဲ့သည်။

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် နှစ်ပွဲရှုံး တစ်ပွဲသရေ ရလဒ်ကို ထွေးပိုက်ခဲ့ရသော ဂျပန်လက်ရွေးစင်အသင်း၏ နည်းပြဇစ်ကိုသည် တိုကျိုလေဆိပ်မှ ဇွန် ၂၉ ရက်တွင် ထွက်ခွာသွားပြီဖြစ်သည်။

မလွှဲသာ၍ ခွဲခွာရသော်လည်း ဂျပန်နိုင်ငံကို မေ့ပျောက်နိုင်မည်မဟုတ်ကြောင်း ဇစ်ကိုက တိုကျိုလေဆိပ်တွင် ပြောကြားသည်။

ဇစ်ကိုသည် ဂျပန်အသင်းနည်းပြရာထူးမှ တရားဝင်နုတ်ထွက်ခြင်း မရှိသေးသော်လည်း ဥရောပကလပ် အသင်းတစ်သင်းတွင် တာဝန်ယူလိုသည်ဟု မကြာခဏပြောကြားခဲ့သည်။ ***အင်တာနက်။***

ဇွန် ၂၂ ရက်က ဂျာမနီနိုင်ငံ ဒေါ့မွန်းမြို့တွင် ကျင်းပသော ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဘရာဇီးအသင်းမှ ရော်နယ်လ်ဒိုခေါင်းတိုက်ဂိုးသွင်းရာ ဂျပန်ဂိုးသမား မကာကွယ်နိုင်ဘဲ ဂိုးဝင်သွားစဉ်။
(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားဘောလုံးအသင်း နည်းပြသစ်ခန့်အပ်

ဆိုးလ် ဇွန် ၂၉

တောင်ကိုရီးယားလက်ရွေးစင်ဘောလုံးအသင်း၏ နည်းပြအဖြစ် ဒတ်ချ်လူမျိုးတစ်ဦးဖြစ်သူ ပင်ဗာဘီးအား ခန့်အပ်လိုက်ကြောင်း ဇွန်၂၉ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

ပင်ဗာဘီးသည် တောင်ကိုရီးယားအသင်း၏ ယခင်နည်းပြဖြစ်သူ ဒစ်အက်ဒဗိုကက်၏ လက်ထောက်အဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ဒစ်အက်ဒဗိုကက်မှာလည်း ဒတ်ချ်လူမျိုးတစ်ဦးဖြစ်ပြီး ရုရှားကလပ်အသင်း ဖြစ်သော ဇီးနစ်စိန့်ပီတာ စဘတ်အသင်း၏ နည်းပြတာဝန်ကို လွှဲပြောင်းရယူမည်ဖြစ်သည်။

ပင်ဗာဘီးသည် ၂၀၀၂ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲတွင် တောင်ကိုရီးယားအသင်း အကြိုဗိုလ်လုပွဲအဆင့်အထိ ရောက်အောင် စွမ်းဆောင်နိုင်ခဲ့သော နည်းပြ ဂတ်စ်ဟစ်ဒင့်၏ လက်ထောက် အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ ***အင်တာနက်။***

သစ်တောသစ်ပင် ဒို့ချစ်ခင်၊ အစဉ်စိုက်ပျိုး အလှတိုး

မိုးရွာနိုင်

မန္တလေးမြို့နှင့် အနီးတဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။



အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလနှင့် ကာယအလှပြိုင်မည်

ရန်ကုန် ဇွန် ၂၉

၂၀၀၆ခုနှစ် အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကို မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်နှင့် MGS Beverages Co.,Ltd. တို့ပူးပေါင်း၍ ဇူလိုင် ၈ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မင်းဓမ္မလမ်းရှိ Myanmar Convention Centre တွင် ကျင်းပမည်ဖြစ်ရာ အသက်(၂၁)နှစ်အထက် အမျိုးသား၊ အမျိုးသမီး အကြီးတန်းပြိုင်ပွဲ၊ အသက်(၂၁)နှစ်နှင့်အောက် အမျိုးသား၊ အမျိုးသမီး အငယ်တန်းပြိုင်ပွဲ၊ အသက်(၅၀)နှစ်နှင့် အထက် သက်ကြီးတန်း အမျိုးသားပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ အသက်(၂၁)နှစ် အထက် အမျိုးသမီး အကြီးတန်းပြိုင်ပွဲဝင်ရောက် ယှဉ်ပြိုင်မည့်သူများသည် အရပ် ၅ပေ ၃လက်မနှင့် အထက်ရှိရမည်ဖြစ်ပြီး အသက်(၂၁)နှစ်နှင့်အောက် အမျိုးသမီးအငယ်တန်း ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများသည် အနိမ့်ဆုံး အရပ် ၅ပေ ၂ လက်မ ရှိရမည်ဖြစ်သည်။ ပြိုင်ပွဲသို့ ဝင်ရောက် ယှဉ်ပြိုင်မည့်သူများသည် နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်း တင်ပြနိုင်သူဖြစ်ရမည်။

ပြိုင်ပွဲဝင်လိုသူများသည် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယအလှအဖွဲ့ချုပ်၊ အထွေထွေအတွင်းရေးမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ဘတ်ဂျက်နှင့် ငွေစာရင်းဌာန၊ ဦးကျော်သန်းနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အားကစားခန်းမ၊ မင်္ဂလာတောင်ညွန့် မြို့နယ်မှ ကာယဗလ အားကစားစခန်း တာဝန်ခံ ဦးဝင်းကြည်တို့ထံသို့ ဇူလိုင် ၅ရက် ညနေ ၄နာရီနောက်ဆုံးထား၍ စာရင်းပေးသွင်းရန်နှင့် ပြိုင်ပွဲဝင်များ အသက်စစ်ဆေးခြင်း၊ အတန်းခွဲခြားခြင်း၊ အမျိုးသမီးများ ဆေးစစ်ခြင်း၊ အရပ်တိုင်းတာခြင်း၊ မှတ်တမ်းယူခြင်းများကို ဇူလိုင် ၆ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့တော်စည်ပင် အားကစားခန်းမ၌ ဆောင်ရွက်မည် ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင်အစည်းအဝေး ကျင်းပ

ရန်ကုန် ဇွန် ၂၉

၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် အမှုဆောင်အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီတွင် မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်(သုဝဏ္ဏ)၌ကျင်းပရာ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် အမှုဆောင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်က အလားအလာရှိသော မျိုးဆက်သစ် အားကစားသမားများ ရွေးချယ်လေ့ကျင့်ပေးသွားရေး၊ လာမည့်အာရှအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားသမားအရေအတွက် ကန့်သတ်တင်ပြရေးနှင့် ပိုက်ကျော်ခြင်း အားကစားအောင်မြင်တိုးတက်မှု ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ အဖွဲ့ချုပ်အတွင်းရေးမှူး ဗိုလ်ကြီးကျော်ဇင်မိုး(လေ)က ပြီးခဲ့သော အမှုဆောင်အစည်းအဝေး ဆုံးဖြတ်ချက်မှတ်တမ်းကို ဖတ်ကြားတင်ပြပြီး ပြည်တွင်းပြည်ပပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ရေးနှင့် ပြိုင်ပွဲ အခြေအနေများ၊ အိုလံပစ်နေ့အထိမ်းအမှတ် (၁၃)ကြိမ်မြောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌဖလားပြိုင်ပွဲမှထူးချွန်အားကစားသမားများကို ဆက်လက်စခန်းသွင်း လေ့ကျင့်ပေးသွားရေး၊ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလအတွင်းကျင်းပမည့် အာရှအားကစားပြိုင်ပွဲနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆပ်ကော်မတီများအလိုက် အသီးသီးရှင်းလင်းဆွေးနွေးတင်ပြကြပြီး အထွေထွေကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးတင်ပြကြကာ အစည်းအဝေးဆုံးဖြတ်ချက်များ ဖတ်ကြားတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကိုဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစာတမ်းဖတ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် "မြန်မာအမျိုးသမီးများနေ့" ဂုဏ်ပြုစာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပသည်။

အဆိုပါ စာတမ်းဖတ်ပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ စာတမ်းရှင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း၊ မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ မြန်မာနိုင်ငံအမျိုးသမီး အားကစားအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ဆရာဝန်အသင်းနှင့် မြန်မာနိုင်ငံ သူနာပြုအသင်းတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က အဖွင့်အမှာစကား ပြောကြားသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻

၂၀၀၆ ခုနှစ် ဇူလိုင် ၃ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုစာတမ်းဖတ်ပွဲ အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အနောက်ဆရာကြီး၏ ကြိုးကိုင်စီစဉ်မှုဖြင့် ပြည်ပြေးများ၊ အကြမ်းဖက်သောင်းကျန်းသူများက ပြည်တွင်းသို့ ဖောက်ခွဲဖျက်ဆီးရေးနှင့် ဆူပူလှုံ့ဆော်ရေးအဖွဲ့များ စေလွှတ်လျက်ရှိ ပါတီတစ်ခု၏ဌာနချုပ်သို့လည်း အနောက်နိုင်ငံကြီးမှ သံတမန်များဝင်ထွက်ပြီး ညွှန်ကြားချက်ပေးနေ တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများ မပျက်စီးမဆုံးရှုံးစေရေး တားဆီးတိုက်ဖျက်သွားမည်

ရန်ကုန် ဇွန် ၂၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ယနေ့အချိန်အခါ၌ တည်ငြိမ်အေးချမ်းသာယာစွာဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းမှန်ပေါ်သို့ တက်လှမ်းရောက်ရှိနေသည်နှင့်အညီ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့သည် စည်းလုံးညီညွတ်မှုစွမ်းအား၊ ပူးပေါင်းဆောင်ရွက်မှုစွမ်းအားများဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့ နိုင်ငံတော်ရွေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း ရှေးရှုဦးတည်ချီတက်လျက် ရှိနေပြီဖြစ်သည်။

သို့ရာတွင် နိုင်ငံတော်အာဏာကို ဖြတ်လမ်းမှရယူလိုသော ပြည်ပြေးများ၊ တရားခံပြေးများသည် နိုင်ငံတော်နှင့်ပြည်သူကို ဆန့်ကျင်ကျောခိုင်းပြီး အနောက်အင်အားကြီးနိုင်ငံအချို့၏ လောင်းရိပ်အောက်တွင် သွားရောက်ခိုလှုံလျက်ရှိနေရာ အနောက်အင်အားကြီး နိုင်ငံအချို့ကလည်း မတရားအသင်းကြေညာထားခြင်း ခံရသူ၊ အကြမ်းဖက်အဖွဲ့အစည်းများ အဖွဲ့ဝင်များအဖြစ် ကြေညာထားခြင်းခံရသူ အဆိုပါ ပြည်ပြေး၊ တရားခံပြေးများကို မြန်မာနိုင်ငံအပေါ် နိုင်ငံရေး စစ်ဆင်မှုပြုလုပ်ရာ၌ အသုံးချရန် အတွက် လက်ခံမွေးမြူ သွေးထိုး မြှောက်ပင့်ပေးလျက်ရှိနေသည်။

အနောက်အင်အားကြီးနိုင်ငံတစ်ခုသည် မြန်မာနိုင်ငံ၌ ၎င်းတို့ ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရတင်ရန်ဟူသည့် ဖုံးကွယ် လှည့်စားထားသော နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အဆိုပါပြည်ပြေး၊ တရားခံပြေး အကြမ်းဖက်သမားများကို တစ်ဖက်မှ လက်သပ်မွေးမြူ အသုံးချလျက်ရှိသည်။ တစ်ပြိုင်တည်းမှာပင် တစ်ဖက်မှလည်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် စသည်တို့ကို ခုတုံးလုပ်ကာ နိုင်ငံတကာ မျက်နှာစာ၌ မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်များ၊ ဖြစ်ရပ်မှန်များကို လွဲမှားစွာပုံဖော်ပြီး မဟုတ်မမှန်လုပ်ကြံချက်များဖြင့် ထိုးနှက်လျက် တည်ဆဲအစိုးရ ပြုတ်ကျစေရေး ဖိအားပေး လုပ်ဆောင်လျက်ရှိသည်။

ယခုအခါ အဆိုပါအနောက်အင်အားကြီးနိုင်ငံ၏ စီမံညွှန်ကြား စေလွှတ်ချက်အရ ပြည်ပြေးစိန်ဝင်း၊ တရားခံပြေး မောင်မောင်(ခေါ်) ပြည်သစ်ညွှန့်ဝေ၊ မိုးသီးဇွန်၊ အောင်ဒင်၊ သံခဲ၊ တာမလာဘော၊ စောမွန်တာ၊ ထွန်းအောင်ကျော်၊ သိန်းဝင်းနှင့် အပေါင်းပါတချို့သည် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံတစ်ခုသို့ စုရုံးရောက်ရှိနေကြောင်း၊ အဆိုပါမတရားအသင်းဝင်များ၊ အကြမ်းဖက်သမားများသည် ပြည်ပတိုက်ကွက်နှင့် ဟန်ချက်ညီ ပြည်တွင်းတိုက်ကွက် ဖော်ဆောင်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံ မဲဆောက်မြို့၌ အစည်းအဝေးများ ပြုလုပ်ပြီး တိုင်းဆူပြည်ဖျက် ဆူပူအုံကြွမှုအစီအမံများ ချမှတ်ကာ ပြည်တွင်းသို့ အကြမ်းဖက် ဖောက်ခွဲဖျက်ဆီးရေးသမားများ၊ ဆူပူအုံကြွမှုဖြစ်ပွားအောင် သွေးထိုးလှုံ့ဆော်မည့်အဖွဲ့များကို စေလွှတ်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ၎င်းတို့အစည်းအဝေးတစ်ရပ်ကို NCGUB, NCUB, FTUB, ABSDF, NLD(LA), NDD, ဗကသစသည့်အကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းပြီး လာမည့် ဇူလိုင် လဆန်းတွင် ဆက်လက် ပြုလုပ်သွားရန်ရှိကြောင်း၊ တစ်ဖက်နိုင်ငံ၌ ခိုကပ်နေရသည့် လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့အချို့ထံသို့လည်း သွားရောက်တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်နေကြောင်း၊ နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေး အတွက် နှစ်ဦးနှစ်ဖက် အားထုတ်ကြိုးပမ်းလျက်ရှိသော ငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများ ယိုယွင်းပျက်ပြားစေရန်အတွက်လည်း သပ်လျှိုသွေးခွဲလျက်ရှိကြောင်း သတင်းများဆက်လက် ရရှိနေသည်။

ယင်းသို့ အနောက်အင်အားကြီးနိုင်ငံ၏ နိုင်ငံတကာမျက်နှာစာ တိုက်ကွက်၊ အကြမ်းဖက်သမားပြည်ပြေးများ၏ ပြည်တွင်းဖောက်ခွဲ ဖျက်ဆီးရေး၊ ဆူပူလှုံ့ဆော်ရေး တိုက်ကွက်များနှင့် အချိန်ကိုက် ဟန်ချက်ညီ လှုပ်ရှားနိုင်ရန်အတွက် ပြည်တွင်းရှိ နိုင်ငံရေးပါတီတစ်ခု၏ ဌာနချုပ်သို့ အဆိုပါ အနောက်အင်အားကြီးနိုင်ငံသံရုံးမှ သံတမန်များကလည်း နေ့စဉ် ဥဒဟို ဝင်ထွက်သွားလာ တွေ့ဆုံပြီး ဆွေးနွေးညှိနှိုင်းခြင်း၊ ညွှန်ကြားစာများ

စာမျက်နှာ ၉ ကော်လံ ၄ သို့ ❐